# မြန်မာနိုင်ငံတွင်

# ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီ (MPC) ဆောင်ရွက်ခြင်းအတွက်

# မဟာဗျူဟာအဆင့်နှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့် လမ်းညွှန်ချက်များ

## ၂၀၂၄ ခုနှစ် ဇူလိုင်လ

ဤလမ်းညွှန်ချက်ကို မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (CWG) အား ပူးတွဲဦးဆောင်သူ Mr. John Nelson (jnelson@mercycorps.org) ၏ နည်းပညာအကူအညီဖြင့် ဒီဇိုင်းရေးဆွဲ၍ ရေးသားသည်။

## မာတိကာ


- **နိဒါန်းနှင့် အကျဉ်းချုပ်**
  - နောက်ခံအခြေအနေနှင့် အခက်အခဲများ
  - ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီ (MPC) ကို နားလည်ခြင်း
  - မြန်မာနိုင်ငံ MPC ၏ ရည်ရွယ်ချက်နှင့် မဟာဗျူဟာ
- **စီမံကိန်းတွင် ပူးပေါင်းပါဝင်သူများအား လျာထားသတ်မှတ်ခြင်း**
  - လျာထားချက်သတ်မှတ်သည့် နည်းလမ်း
  - မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်
  - စိစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်
- **လွှဲပြောင်းကူညီမှုများ**
  - **အနိမ့်ဆုံးအသုံးစရိတ် တန်ဖိုး (MEB) နှင့် လွှဲပြောင်းကူညီမှုတန်ဖိုး**
    - အိမ်ထောင်စုအဆင့် အသုံးစရိတ်တွက်ချက်ခြင်းအတွက် အဆိုပြုထားသော နည်းလမ်း
    - ကွာဟချက်သရုပ်ခွဲဆန်းစစ်ခြင်းနှင့်  MPC ၏ လွှဲပြောင်းကူညီမှုတန်ဖိုး
- **လွှဲပြောင်းကူညီမှုများ၏ အကြိမ်ရေနှင့် အချိန်ကာလ**
- **လွှဲပြောင်းပေးအပ်ခြင်းနှင့် ထွက်ခွာရေးမဟာဗျူဟာ (referral pathways and exit strategy)**
- **စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ခန်းစာထုတ်နုတ်ရယူခြင်း**
  - စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် လိုက်လျောညီထွေ စီမံခန့်ခွဲခြင်း
  - သင်ခန်းစာထုတ်နုတ်ရယူခြင်းနှင့် စဉ်ဆက်မပြတ်တိုးတက်စေခြင်း
- **ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် အစီရင်ခံခြင်း**
- **MPC ကို အကောင်အထည်ဖော်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အခြားသော အဓိကအချက်များ**
  - **ဖြစ်နိုင်ခြေလေ့လာခြင်းနှင့် တုံ့ပြန်ရေးလုပ်ငန်းကို သရုပ်ခွဲဆန်းစစ်ခြင်း**
    - MPC  စီမံကိန်းတွင် ဈေးကွက်များ၏ အခန်းကဏ္ဍ
    - MPC အကူအညီပေးအပ်ရာတွင် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများ (FSP) ၏ အခန်းကဏ္ဍ
  - **MPC  စီမံကိန်းများအတွက် ငွေကြေးနှင့် ဘောက်ချာအကူအညီ (CVA) ဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း**
  - **ဘေးဒဏ်ခံပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံယူခြင်း**
- **နောက်ဆက်တွဲ (၁) - အဓိကညွှန်းကိန်းများနှင့် ကဏ္ဍအလိုက် ညွှန်းကိန်းများစာရင်း**
  - အဓိကညွှန်းကိန်းများ (မဖြစ်မနေအသုံးပြုရန်မဟုတ်ဘဲ၊ ရည်ညွှန်းကိုးကားရန်အတွက်သာ)
  - ကဏ္ဍအလိုက်သီးသန့်ညွှန်းကိန်းများ (မဖြစ်မနေအသုံးပြုရန်မဟုတ်ဘဲ၊ ရည်ညွှန်းကိုးကားရန်အတွက်သာ)
- **နောက်ဆက်တွဲ (၂) –ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းနှင့် MPC**
- **နောက်ဆက်တွဲ (၃) – CALP မှထုတ်ဝေထားသည့် CVA  ဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက်များ**

## နိဒါန်းနှင့် အကျဉ်းချုပ်

ဤစာတမ်းသည် မြန်မာနိုင်ငံတွင် ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီ (MPC) လုပ်ငန်းများအား အကောင်အထည်ဖော်ခြင်းအတွက် လမ်းညွှန်ချက်များပေးပြီး၊ အစုအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICCG)၊ ငွေကြေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (CWG)၊ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့ (Protection Cluster)နှင့် ယင်း၏ တာဝန်ခံလုပ်ငန်းနယ်ပယ်များ (AoRs)၊ MPC အထူးလုပ်ငန်းအဖွဲ့တို့က အတည်ပြုထားပြီးသည့် စံချိန်စံညွှန်းများကို ဖော်ပြထားသည်။

ဤလမ်းညွှန်စာတမ်းသည် ၂၀၂၄ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက် (HNRP) နှင့်အညီ တုံ့ပြန်ရေးလုပ်ငန်းများကို စုစည်းမြှင့်တင်ပေးခြင်းဖြင့် အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့များအကြားတွင် MPC လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးရန် ရည်ရွယ်သည်။ MPC သည် HNRP ၏ ကဏ္ဍများစွာနှင့်သက်ဆိုင်သော ရည်ရွယ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ရာတွင်လည်း ပါဝင်ကူညီပေးသည်။

| မြန်မာနိုင်ငံ HNRP မဟာဗျူဟာရည်ရွယ်ချက်များ | |
|---|---|
| **မဟာဗျူဟာ ရည်ရွယ်ချက် (၁) - စားနပ်ရိက္ခာမဖူလုံမှု၊ အာဟာရချို့တဲ့မှုနှင့် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရသည့် သို့မဟုတ် ရင်ဆိုင်ရမည့် အန္တရာယ် ရှိနေသည့် နေရပ်စွန့်ခွာရသူများ၊ နေရပ်ပြန်ရသူများ၊ နိုင်ငံမဲ့သူများနှင့် အခြားသော အကျပ်အတည်းဒဏ်ခံရသည့် ပြည်သူများ၏ ထိခိုက်ခံစားရမှု၊ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ကို ကာကွယ်တားဆီးပေးရန် သို့မဟုတ် လျှော့ချပေးရန်။** | **မဟာဗျူဟာရည်ရွယ်ချက် (၂) - နေရပ်စွန့်ခွာရသူများ၊ နေရပ်ပြန်ရသူများ၊ နိုင်ငံမဲ့သူများနှင့် အခြားသော အကျပ်အတည်းဒဏ်ခံရသည့် ပြည်သူများ၏ ရှင်သန်ရပ်တည်နိုင်ရေးနှင့် ၎င်းတို့၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ပိုမိုဆိုးရွားမလာစေရေးအတွက် အကူအညီများပေးအပ်ရန်နှင့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့် အကူအညီများကို ဘေးကင်းလုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာ၊ လိုအပ်ချက်နှင့်ကိုက်ညီစွာဖြင့် အချိန်နှင့်တပြေးညီ လက်လှမ်းမီရရှိနိုင်စေရန်။** |

ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကူအညီ အကြံပေးအဖွဲ့ (CAG) ၏ လမ်းညွှန်ချက်အရ၊ MPC ကုန်ကျစရိတ်နှင့် လျာထားချက်များပါဝင်သည့် သီးသန့်အခန်းတစ်ခန်းအဖြစ် ပြုစုရေးသား၍ မြန်မာနိုင်ငံ၏ ၂၀၂၅ ခုနှစ် HNRP တွင် ထည့်သွင်းရမည်ဖြစ်သည်။ MPC သီးသန့်အခန်းကို ၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် ICCG နှင့်လည်းကောင်း၊ မိတ်ဖက်အဖွဲ့များနှင့်လည်းကောင်း တိုင်ပင်ဆွေးနွေးပြီး ရေးသားပါမည်။ အဓိကရည်ရွယ်ချက်မှာ ဘတ်ဂျက်နှင့် လျာထားချက်များပါဝင်သည့် MPC ကို မြန်မာနိုင်ငံ လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် အပြည့်အဝနားလည်သဘောပေါက်လာပြီး၊ MPC ၏ အရေးကြီးပုံကို ပေါ်လွင်ထင်ရှားစွာ ဖော်ပြရန်ဖြစ်သည်။

**လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက်ကဲ့သို့ပင် ဤ MPC လမ်းညွှန်ချက်နှင့် မဟာဗျူဟာသည် MPC အတွက် စုစည်းညီညွတ်သော နည်းလမ်းတစ်ခုကို အားပေးမြှင့်တင်ပေးနိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး၊ တချိန်တည်းတွင် မိတ်ဖက်တစ်ဖွဲ့ချင်းစီ၏ ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဆောင်ရွက်ရန် လိုအပ်ချက်ကိုလည်း အသိအမှတ်ပြုထားပါသည်။ ဤလမ်းညွှန်ချက်သည် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဌာန်းရန် ရည်ရွယ်ထားခြင်းမဟုတ်ဘဲ၊ CWG မိတ်ဖက်အဖွဲ့များက သဘောတူညီထားသည့် မူဘောင်တစ်ခုကို ထောက်ပံ့ပေးရန်ဖြစ်ပြီး၊ စုပေါင်းအသုံးပြုနိုင်မည့် ကိရိယာများနှင့် အရင်းအမြစ်များကို လက်လှမ်းမီရရှိအောင် ပြုလုပ်ပေးထားခြင်းဖြစ်သည်။**

ဤလမ်းညွှန်ချက်ကို MPC အထူးလုပ်ငန်းအဖွဲ့နှင့် အခြားသော အဓိကအကျိုးသက်ဆိုင်သူများ ပူးပေါင်း၍ ရေးဆွဲထားပါသည်။ ဤလမ်းညွှန်ချက်နှင့်မဟာဗျူဟာကို ပုံဖော်ရေးသားရာတွင် အရေးကြီးသည့်အပိုင်းမှ ပါဝင်ခဲ့ပြီး၊ အတွေ့အကြုံများနှင့် အသေးစိတ်အမြင်များကို မျှဝေပေးခဲ့ကြသည့် မိတ်ဖက်အဖွဲ့များကို CWG က ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

## နောက်ခံအခြေအနေနှင့် အခက်အခဲများ

မြန်မာနိုင်ငံရှိ ငွေကြေးနှင့် ဘောက်ချာအကူအညီ (CVA) လုပ်ငန်းသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်းတွင် ကြီးမားသော ဖြစ်ပေါ်ပြောင်းလဲမှုများကို ကြုံတွေ့ခဲ့ရသည်။ အစပိုင်းတွင် မိတ်ဖက်အဖွဲ့များသည် စားနပ်ရိက္ခာအတွက် ငွေကြေးအကူအညီပေးခြင်းလုပ်ငန်းကို နေရာဒေသအနည်းငယ်၌သာ ဗဟိုပြုဆောင်ရွက်နေရာမှ ဘေးဒဏ်ခံပြည်သူများ၏ ကဏ္ဍတွင်းလိုအပ်ချက်နှင့် ကဏ္ဍများစွာပါဝင်သော လိုအပ်ချက်နှစ်မျိုးလုံးကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ငွေကြေးအကူအညီကို စံပြုအကူအညီပုံစံတစ်ခုအဖြစ် ပို၍အသုံးပြုလာကြသည်။ ဤပုံစံသည် အထူးသဖြင့် ပစ္စည်းအကူအညီပေးရန် ပိုမိုခက်ခဲလာနေသော ဒေသများနှင့် ပဋိပက္ခကြောင့် ထိခိုက်ခံရပြီး ဝင်ရောက်သွားလာရန် ခက်ခဲသည့် ဒေသများတွင် များစွာ အရေးကြီးသည်။

မြန်မာနိုင်ငံသည် ယခုအချိန်တွင် အဓိကအားဖြင့် တိုက်ပွဲများကြောင့် နိုင်ငံတွင်းနေရပ်စွန့်ခွာရသူ (၃) သန်းကျော် အပါအဝင် အကျပ်အတည်းကြောင့် ထိခိုက်ခံရသူအရေအတွက် ပိုမိုများပြားလာခြင်းကို ရင်ဆိုင်နေရသည်။ ထို့အပြင် မုန်တိုင်းများနှင့် မိုးရာသီရေကြီးမှုများကဲ့သို့သော ရာသီဥတုဖြစ်ရပ်များကြောင့် ထိခိုက်ခံရသူများ ထံမှလည်း လူသားချင်းစာနာမှုအကူအညီများကို တောင်းဆိုမှု ပိုမိုများပြားလာသည်။

ရည်ရွယ်ချက်ကန့်သတ်ထားခြင်းမရှိသည့် ငွေကြေးအကူအညီများ (unrestricted cash transfer) အား အသုံးပြုခြင်းသည် မြန်မာနိုင်ငံ လူသားချင်းစာနာမှုတုံ့ပြန်ရေး၏ ခက်ခဲသောအခြေအနေအတွင်း မမျှော်လင့်သော အောင်မြင်မှုတစ်ရပ်ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များစွာတို့က မတူညီသော လိုအပ်ချက်များကို တပြိုင်နက်တည်း ဖြည့်ဆည်းပေးနိုင်ရန် အလားအလာရှိသည့် MPC ကို မဟာဗျူဟာ နည်းလမ်း တစ်ခုအဖြစ် ပိုမိုအသုံးပြုလာကြသည်။ သို့ရာတွင် MPC နှင့် ရည်ရွယ်ချက်ကန့်သတ်ထားခြင်းမရှိသည့် ငွေကြေး အကူအညီတို့ကို လုပ်ငန်းခွဲခြားသတ်မှတ်ရာတွင်လည်းကောင်း၊ ငွေကြေးအကူအညီပုံစံအမျိုးမျိုးတို့၏ အကျိုးရလဒ်များအား ရှင်းလင်းစွာဖွင့်ဆိုသတ်မှတ်ရာတွင်လည်းကောင်း အခက်အခဲများ ရှိနေဆဲဖြစ်သည်။

အားတက်စေသောအချက်မှာ၊ မိတ်ဖက်အဖွဲ့များက လက်ရှိ လူသားချင်းစာနာမှုအကျပ်အတည်းကြောင့် ဖြစ်ပေါ်လာသော အိမ်ထောင်စုအဆင့် လိုအပ်ချက်အမျိုးမျိုးတို့ကို ဖော်ထုတ်ဖြေရှင်းရာတွင် MPC ၏ အလားအလာအပေါ် အသေးစိတ် ပိုမိုသိရှိလာခြင်းပင်ဖြစ်သည်။ မွမ်းမံပြင်ဆင်ထားသော ၂၀၂၄ ခုနှစ်အတွက် အနိမ့်ဆုံးအသုံးစရိတ် (MEB) နှင့် ရှင်သန်နိုင်ရန် အနိမ့်ဆုံးအသုံးစရိတ် (SMEB) ကို ကျယ်ပြန့်စွာအသုံးပြုခြင်းသည် စုစည်းထားသော နည်းလမ်း တစ်ခုဖြစ်စေရန် ပံ့ပိုးကူညီပေးနေသည့် အဓိကအချက်ဖြစ်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် စနစ်တကျဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်နေသော ဈေးကွက်စောင့်ကြည့်လေ့လာရေးလုပ်ငန်းများမှလည်း အကျိုးကျေးဇူး ရရှိနေပါသည်။ ဈေးကွက်အခြေအနေများကို ထည့်သွင်းစဉ်းစားထားသည့် MPC ဖြစ်နိုင်ခြေလေ့လာမှုများကို အသိပေး လမ်းညွှန်ရန်အတွက် မကြာမီတွင် စတင်ဆောင်ရွက်တော့မည့် ဈေးကွက်ပူးတွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်း (JMMI) အပါအဝင်၊ ရင်းမြစ်များစွာတို့မှ အချက်အလက်အများအပြားကို ရရှိနိုင်မည်ဖြစ်သည်။

ဤလမ်းညွှန်စာတမ်းသည် MPC ကို မြန်မာနိုင်ငံ လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်း၏ နည်းလမ်းတကျ အစိတ်အပိုင်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်ရာ၌ ကူညီပေးရန် ရည်ရွယ်ပါသည်။ ဒေသအားလုံးရှိ မိတ်ဖက်အဖွဲ့အားလုံးတို့က ဤလမ်းညွှန်ချက်များနှင့် လုံးဝကိုက်ညီအောင် ဆောင်ရွက်ရန် မလွယ်ကူသကဲ့သို့ ယင်းသို့ ဆောင်ရွက်ရန်လည်း အကြံမပြုလိုပါ။ CWG အနေဖြင့် နိုင်ငံတဝှမ်းလုံးမှ အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် အိမ်ထောင်စုများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိပြီး ဆန်းသစ်တီထွင်သောဖြေရှင်းနည်းများ၏ အရေးကြီးပုံကိုသာ အလေးအနက်ဖော်ပြလိုပါသည်။

## ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီ (MPC) ကို နားလည်ခြင်း

**MPC ဆိုသည်မှာ**

ငွေကြေးဆိုင်ရာ သင်ယူလေ့လာမှုမိတ်ဖက်အဖွဲ့ (CALP) ၏ ဖွင့်ဆိုချက်အရ၊ ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီ (MPC) ဆိုသည်မှာ ဘေးဒဏ်ခံပြည်သူ တစ်ဦးချင်းစီ၏ အခြေခံလိုအပ်ချက်များကို လွှမ်းခြုံကာမိစေရေးအတွက် ၎င်းတို့ထံသို့ ခွဲဝေပေးလိုက်သည့် ရည်ရွယ်ချက်အကန့်အသတ် မပါရှိသော ငွေကြေးလွှဲပြောင်း ကူညီမှုများကို ဆိုလိုပါသည်။ MPC သည် စီမံကိန်းတွင် ပါဝင်သူများက အရင်းအမြစ်များကို ခွဲဝေသုံးစွဲရန် ဆုံးဖြတ်ရာတွင် လွတ်လပ်သော၊ ပြောင်းလဲပြင်လွယ်ရှိသော၊ ဂုဏ်သိက္ခာရှိသော အဆင့်အတန်းတစ်ခုကို ထောက်ပံ့ပေးပါသည်။ များပြားသောလိုအပ်ချက်များကို MPC နည်းလမ်းဖြင့် ဖြေရှင်းရာတွင် ကုန်ကျစရိတ်နှင့်နှိုင်းယှဉ်ပါက ထိရောက်အကျိုးရှိမှုရှိကြောင်း သက်သေအထောက်အထားများစွာ ပေါ်ထွက်လာနေသည်ကို မှတ်သားဖွယ်တွေ့ရှိရပါသည်။

MPC အကူအညီအားလုံးသည် ရည်ရွယ်ချက်အကန့်အသတ်မရှိသည့် ငွေကြေး (unrestricted cash) ဖြစ်သော်လည်း၊ ရည်ရွယ်ချက်ကန့်သတ်ထားခြင်းမရှိသည့် ငွေကြေး အားလုံးကို MPC အဖြစ် သတ်မှတ်ခံရခြင်း မရှိနိုင်ကြောင်း သတိပြုရန် အရေးကြီးပါသည်။ ပြည်တွင်းနှင့် ဒေသခံအဖွဲ့အစည်းများအပါအဝင် မိတ်ဖက်အဖွဲ့များသည် MPC နှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာသည်နှင့်အမျှ လူသားချင်းစာနာမှုတုံ့ပြန်ရေးတွင် MPC ၏ ထူးခြားသော အခန်းကဏ္ဍကို ပိုမိုရှင်းလင်းစွာ နားလည်လာကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်သည့် MPC လုပ်ငန်းအားလုံးတွင် ကာကွယ်စောင့်ရှောက်ရေးကို ထည့်သွင်း ဆောင်ရွက်ရပါမည်။ ဤလုပ်ငန်းတွင် အဓိပ္ပါယ်ပြည့်ဝစွာလက်လှမ်းမီရရှိနိုင်မှုကို မြှင့်တင်ပေးခြင်း၊ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို ဦးစားပေးခြင်း၊ ထိခိုက်နစ်နာမှုမဖြစ်စေရန် ရှောင်ရှားခြင်း၊ တာဝန်ခံယူမှု ခိုင်မာအားကောင်း စေခြင်းနှင့် စီမံကိန်းစက်ဝန်းတစ်လျှောက်လုံး၌ ပူးပေါင်းပါဝင်မှုနှင့် လုပ်ပိုင်ခွင့်ပေးခြင်းတို့ ပါဝင်ပါသည်။

## မြန်မာနိုင်ငံ MPC ၏ ရည်ရွယ်ချက်နှင့် မဟာဗျူဟာ

**မြန်မာနိုင်ငံတွင် MPC ၏ ရည်ရွယ်ချက်မှာ အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့်အိမ်ထောင်စုများ၏ ကဏ္ဍများစွာနှင့်သက်ဆိုင်သော ကာလတို လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ကူညီပေးရန်ဖြစ်သည်။** ဤအချက်သည် ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ HNRP ၏ မဟာဗျူဟာရည်ရွယ်ချက် (၁) နှင့် (၂) တို့နှင့် ကိုက်ညီသည်။ စီမံကိန်းတွင် ပါဝင်သူများကိုယ်တိုင်က အဓိပ္ပါယ်ဖွင့်ဆိုပြီး ဦးစားပေးအဖြစ် သတ်မှတ်ထားသည့် အိမ်ထောင်စုအဆင့် ကဏ္ဍစုံ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများဆီသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ရွေ့ပြောင်းဆောင်ရွက်မှုကို ကိုယ်စားပြုပါသည်။


**ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီ (MPC) သည် ကဏ္ဍတစ်ခုချင်းအလိုက် သီးသန့်လိုအပ်ချက်များကို ဖြေရှင်းရန်ထက် ကဏ္ဍများစွာနှင့်သက်ဆိုင်သည့် အခြေခံလိုအပ်ချက်များကို ဖော်ထုတ်ဖြေရှင်းပေးရန် ဒီဇိုင်းရေးဆွဲထားပါသည်။** MPC သည် စားနပ်ရိက္ခာ၊ အမိုးအကာ၊ အသုံးအဆောင်ပစ္စည်း (NFI) နှင့် WASH ကဲ့သို့သော သီးသန့်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ပါဝင်ကူညီပေးပြီး၊ တစ်ချိန်တည်းတွင် အိမ်ထောင်စုများကိုယ်တိုင် ဦးစားပေးအဖြစ်သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များကို ၎င်းတို့ကိုယ်တိုင် ဖြည့်ဆည်းနိုင်စွမ်းရှိစေရမည်ဟူသော အဓိကရည်မှန်းချက်ပန်းတိုင်တစ်ခုလည်း ရှိနေပါသည်။ ဤ "အခြေခံလိုအပ်ချက်နည်းလမ်း" သည် လျာထားချက် သတ်မှတ်ခြင်း၊ ရလဒ်များနှင့် လွှဲပြောင်းကူညီမှုတန်ဖိုးများသတ်မှတ်မှု (Transfer Value) အပါအဝင် MPC လုပ်ငန်းများ၏ ဒီဇိုင်းအပေါ် သက်ရောက်မှုများ ရှိနေပါသည်။

MPC နှင့် ကဏ္ဍအလိုက်သီးသန့်အကူအညီများသည် အချင်းချင်းအပြန်အလှန်အားဖြည့်ပေးနေပါက၊ ယင်းတို့ကို အတူတကွပေးအပ်ရန် အကြံပြုပါသည်။ ဥပမာအားဖြင့် အမိုးအကာနေအိမ်တည်ဆောက်ခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် များသောအားဖြင့် MPC နှင့် အပြန်အလှန်အားဖြည့်ကူညီပေးနိုင်သည်။ သို့ရာတွင် အထွေထွေစားနပ်ရိက္ခာအကူအညီကဲ့သို့သော အခြားလုပ်ငန်းများမှာမူ MPC နှင့်လုပ်ငန်းထပ်နေခြင်းမျိုး ဖြစ်နိုင်ပါသည်။

ထွက်ခွာရေးမဟာဗျူဟာ (exit strategy) တစ်ခုရှိထားရန်လည်း မရှိမဖြစ်လိုအပ်ပါသည်။ ဤမဟာဗျူဟာသည် ရေရှည်အကူအညီရရှိစေရေးအတွက် စီမံကိန်းတွင် ပါဝင်သူများကို သက်ဆိုင်ရာအစုအဖွဲ့များ၊ လူသားချင်း စာနာမှုဆိုင်ရာ အကျိုးသက်ဆိုင်သူများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးသက်ဆိုင်သူများနှင့် ချိတ်ဆက်ပေးပါသည်။

အကြံပြုထားသော နည်းလမ်းသည် လုပ်ငန်းဆောင်ရွက်ရာတွင် အကန့်အသတ်များ ရှိနေသည်ကို အသိအမှတ်ပြုထားပြီး၊ တစ်ချိန်တည်းတွင် MPC ကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခုအနေဖြင့်လည်း ဆောင်ရွက်ပေးပါသည်။ မိတ်ဖက်အဖွဲ့များ၏ အတွေ့အကြုံများကို မျှဝေခြင်းဖြင့် ဤနည်းလမ်းနှင့် ဤစာတမ်းကို အချိန်နှင့်အမျှ ပိုမိုကောင်းမွန်အောင် အကြိမ်ကြိမ်မွမ်းမံ၍ တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်။

### မြန်မာနိုင်ငံ၏ MPC မဟာဗျူဟာ မူဘောင်



ဤမဟာဗျူဟာနှင့် လမ်းညွှန်ချက်သည် ဤရည်ရွယ်ချက်များကို ရရှိစေရေးကူညီပေးရန်အတွက် MPC သီးသန့်ဖြစ်သည့် ဦးတည်နယ်ပယ် (၅) ခုကို မီးမောင်းထိုးဖော်ပြထားသည်။ ဤနယ်ပယ်များမှာ -

(၁) စီမံကိန်းတွင် ပါဝင်သူများအား လျာထားသတ်မှတ်ခြင်း
(၂) လွှဲပြောင်းကူညီမှုများ
(၃) လွှဲပြောင်းပေးအပ်ခြင်းနှင့် ထွက်ခွာရေမဟာဗျူဟာ (referral pathways and exit strategy)
(၄) စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သင်ခန်းစာယူခြင်း
(၅) ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် အစီရင်ခံခြင်း

## စီမံကိန်းတွင် ပါဝင်သူများအား သတ်မှတ်ဖော်ထုတ်ခြင်း

### လျာထားချက်သတ်မှတ်သည့် နည်းလမ်း

MPC ၏ လျာထားချက်သတ်မှတ်သည့် နည်းလမ်းသည် အထိခိုက်လွယ်ဆုံးအိမ်ထောင်စုများကို ဦးတည်လျာထားရန် ရည်ရွယ်ထားပြီး၊ HNRP နှင့် ကိုက်ညီပါသည်။ အကြံပြုထားသော လျာထားချက်သတ်မှတ်သည့် နည်းလမ်းသည် ယေဘုယျစံသတ်မှတ်ချက် (၂) ခုကို အခြေခံထားသည်။

| မြန်မာနိုင်ငံ၏ MPC အတွက် လျာထားချက်သတ်မှတ်ရန် အကြံပြုထားသော စံသတ်မှတ်ချက်များ |
|---|
| **(၁) လျာထားသည့် အိမ်ထောင်စုများသည် ကဏ္ဍများစွာတွင် လိုအပ်ချက်များ ရှိနေရမည်။** |
| **(၂) လျာထားသည့် အိမ်ထောင်စုများသည် နေထိုင်မှုအဆင့်အတန်း ပြိုလဲသွားခြင်း၊ လူသားချင်းစာနာမှု အကူအညီများကို မှီခိုရန်လိုအပ်ခြင်းနှင့် မူလအခြေအနေသို့ ပြန်မရောက်နိုင်တော့သည့် ဆိုးရွားသောရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို ကျင့်သုံးနေရခြင်းတို့အတွက် သက်သေအထောက်အထားများ ရှိနေရမည်။** |

**လျာထားချက်သတ်မှတ်ခြင်းသည် အိမ်ထောင်စု၏ အဆင့်အတန်းမည်သို့ပင်ရှိစေကာမူ၊ ယင်းအိမ်ထောင်စု၏ ထိခိုက်လွယ်မှု (နေထိုင်မှုအဆင့်အတန်း ပြိုလဲသွားခြင်း၊ လူသားချင်းစာနာမှုအကူအညီများကို မှီခိုရန် လိုအပ်ခြင်းနှင့် မူလအခြေအနေသို့ ပြန်မရောက်နိုင်တော့သည့် ဆိုးရွားသော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို ကျင့်သုံးနေရခြင်း) အပေါ် အခြေခံထားရန် အကြံပြုပါသည်။** လျာထားချက်သတ်မှတ်မှုကို ထိခိုက်လွယ်မှုအပေါ် အခြေခံဆောင်ရွက်ပါက၊ လျာထားသည့် အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုကို အတည်ပြုနိုင်ရန်အတွက် မိတ်ဖက်အဖွဲ့များက ထပ်တိုးလေ့လာဆန်းစစ်မှုများကို ပြုလုပ်ရမည်ဖြစ်သည်။ မိတ်ဖက်အဖွဲ့များသည် ယင်းလေ့လာဆန်းစစ်မှုများကို ပြုလုပ်ရာတွင် မိမိတို့၏ ကိုယ်ပိုင် နည်းလမ်းများကို သင့်လျော်သလို အသုံးပြုနိုင်သည်။

ဝင်ရောက်သွားလာရေးပြဿနာများ သို့မဟုတ် အချိန်အကန့်အသတ်ရှိခြင်းကြောင့် အိမ်ထောင်စုအဆင့် ထိခိုက်လွယ်မှုဆိုင်ရာ ထပ်တိုးအချက်အလက်များကို ကောက်ယူရန် ခက်ခဲသည့် အခြေအနေများတွင်၊ ကဏ္ဍများစွာ ပါဝင်သော လိုအပ်ချက်ဆန်းစစ်မှု (MSNA) လုပ်ငန်းအရ နိုင်ငံတွင်း နေရပ်စွန့်ခွာရသူများ (IDP)၊ နေရပ်ပြန်ရသူများ၊ အခြေကျသွားသူ/ဒေသတွင်းပေါင်းစည်းဝင်ဆံ့သွားသူ IDP များနှင့် နေရပ်စွန့်ခွာရခြင်းမရှိသည့် နိုင်ငံမဲ့သူများ (ရိုဟင်ဂျာများ) သည် ကဏ္ဍများစွာတွင် လိုအပ်ချက်များ ကျယ်ပြန့်စွာ ရှိနေပြီး၊ မူလအခြေအနေသို့ ပြန်မရောက်နိုင်တော့သည့် ဆိုးရွားသော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို ကျင့်သုံးရန် ဖြစ်နိုင်ခြေမြင့်မားကြောင်း သတ်မှတ်ဖော်ထုတ်ထားပြီးဖြစ်ပါသည်။ **ဤဖြစ်ရပ်မျိုးတွင်၊ နေရာဒေသတစ်ခုရှိ အိမ်ထောင်စုအားလုံးတို့သည် ထိခိုက်လွယ်မှုနှင့်**

**ရေရှည်တွင် အကျိုးမရှိသော ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းများအား ကျင့်သုံးရနိုင်ခြေတို့တွင် ဆင်တူသော အခြေအနေအဆင့်များကို ကြုံတွေ့နေရပါက၊ ဤအုပ်စုများအတွက် အခြေအနေအဆင့်အတန်းကို အခြေခံသည့် လွှမ်းခြုံအကူအညီ (blanket status-based assistance) ကို စီစဉ်ပေးအပ်ရန် အကြံပြုပါသည်။**

MPC အတွက် လျာထားချက်သတ်မှတ်ရာတွင် အိမ်ထောင်စုများအကြားတွင်လည်းကောင်း၊ ရပ်ရွာများ အကြားတွင်လည်းကောင်း ပဋိပက္ခဖြစ်ပေါ်နိုင်မှုကို ထိရှလွယ်စွာ ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်ပါသည်။ ဥပမာအားဖြင့် အုပ်စုတစ်စုသို့ အကူအညီပေးအပ်လိုက်ခြင်းဖြင့် ရပ်ရွာလူထုအတွင်း အတူယှဉ်တွဲနေထိုင်မှုကို ထိခိုက်စေနိုင်သည်ဆိုပါက အိမ်ရှင်ရပ်ရွာလူထုအားလည်း အကူအညီပေးရန် စဉ်းစားသင့်ပါသည်။ သို့ဖြစ်၍ MPC ကို အကောင်အထည်မဖော်မီတွင် လျာထားချက်သတ်မှတ်သည့် စံနှုန်းများအကြောင်းကို ရပ်ရွာလူထုအား ဆက်သွယ်ပြောကြား၍ ရှင်းပြထားရန် အရေးကြီးသည်။ ဘေးဒဏ်ခံအိမ်ထောင်စုများအားလုံးက တူညီသော ငွေကြေးအကူအညီပမာဏကို ရရှိကြောင်း သေချာစေရေးအတွက် လွှဲပြောင်းကူညီမှုတန်ဖိုးများကို ချိန်ညှိသတ်မှတ်ထားခြင်းသည်လည်း အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။

အကူအညီလိုအပ်နေသူများ ပြန့်နှံ့တည်ရှိနေသည့် နေရာဒေသများနှင့် လိုအပ်ချက်များ၏ ပြင်းထန်မှုတို့ကို ၂၀၂၄ ခုနှစ် HNRP တွင် ရည်ညွှန်းဖော်ပြထားရာ၊ ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသ၊ အရှေ့တောင်ပိုင်းဒေသ၊ အရှေ့မြောက်ပိုင်းဒေသများပါဝင်သည်။ ၂၀၂၅ ခုနှစ် HNRP အတွက် နေရာဒေသလျာထားချက်သတ်မှတ်ခြင်းကို ICCG, HCT နှင့် အခြားသော အကျိုးသက်ဆိုင်သူများ ပူးပေါင်းပါဝင်သည့် HNRP တိုင်းပင်ဆွေးနွေးမှု လုပ်ငန်းစဉ်အတွင်းတွင် ဆောင်ရွက်မည်ဖြစ်သည်။

လျာထားချက်မသတ်မှတ်မီ လွန်ခဲ့သော (၃) လအတွင်းတွင် အခြေခံလိုအပ်ချက်များအတွက် အကူအညီများ (စားနပ်ရိက္ခာ၊ WASH, NFIs စသည်ဖြင့်) ကို လုံးဝမရရှိသည့် သို့မဟုတ် အကန့်အသတ်ဖြင့်သာ ရရှိသည့် အိမ်ထောင်စုများအား MPC တွင် ဦးစားပေးအဖြစ်သတ်မှတ်ရန် အကြံပြုပါသည်။ မိတ်ဖက်အဖွဲ့များသည် ဦးစားပေးနေရာဒေသများကို သတ်မှတ်ရာတွင် အခြားအဖွဲ့အစည်းများထံမှ အကူအညီမရရှိသေးသည့်ဒေသများကို သတ်မှတ်ဖော်ထုတ်ရန်အတွက် အစုအဖွဲ့များနှင့် CWG တို့၏ 5Ws  အစီရင်ခံစာများကို ရည်ညွှန်းကိုးကားကြရန် တိုက်တွန်းပါသည်။ လျာထားသည့် နေရာဒေသများ၏ လိုအပ်ချက်များကိုလည်းကောင်း၊ ယင်းနေရာဒေသများတွင် အခြားအဖွဲ့အစည်းများက ပေးအပ်နေသည့် အကူအညီများကိုလည်းကောင်း ပိုမိုနားလည်စေရေးအတွက် လျာထားသည့်နေရာများတွင် စခန်း/ရပ်ရွာအဆင့် ကွာဟချက်သရုပ်ခွဲဆန်းစစ်မှုများ ပြုလုပ်ရန်လည်း အကြံပြုပါသည်။

လျာထားချက်သတ်မှတ်ရာတွင် အသက်အရွယ်၊ ကျားမနှင့် မျိုးစုံလင်မှု (AGD) နည်းလမ်းကို အသုံးပြုရန်နှင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ ကလေးသူငယ်ဦးဆောင်သည့် အိမ်ထောင်စုများ၊ မသန်စွမ်းသူရှိနေသည့် အိမ်ထောင်စုများ၊ တိုင်းရင်းသား/လူနည်းစုအိမ်ထောင်စုများကဲ့သို့သော အလွန်အမင်းထိခိုက်လွယ်သည့် အိမ်ထောင်စုများနှင့် တိုင်ပင်ဆွေးနွေးရန် အရေးကြီးပါသည်။ ဤအိမ်ထောင်စုများက  MPC ကို လိုလားနှစ်သက်သည်ဆိုပါက၊ ငွေကြေးအကူအညီနှင့် ဆက်စပ်ဖြစ်ပေါ်နိုင်သည့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များကို လျှော့ချနိုင်ရန်အတွက် ထပ်တိုးဘေးကင်းလုံခြုံရေး နည်းလမ်းများကို အသင့်ပြင်ဆင်ထားရှိရမည်ဖြစ်သည်။

CWG နှင့် MPC အထူးလုပ်ငန်းအဖွဲ့တို့သည် ၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် မိတ်ဖက်အဖွဲ့များထံမှ ပေးပို့သည့် သွင်းအားစုအချက်အလက်များနှင့် လက်ရှိ လေ့လာဆန်းစစ်မှုအချက်အလက်များကို အခြေခံလျက် ထိခိုက်လွယ်မှုနှင့် လျာထားချက်သတ်မှတ်ခြင်းဆိုင်ရာ စံနှုန်းများကို ပိုကောင်းအောင် ဆက်လက်မွမ်းမံသွားပါမည်။ ဤနည်းအားဖြင့် နေရာဒေသအလိုက် (သို့) ထိခိုက်လွယ်မှုအလိုက် (သို့) နှစ်မျိုးလုံးဖြင့် အထူးပြု၍ ဦးစားပေးသတ်မှတ်သွားနိုင်

မည်ဖြစ်သည်။ လိုအပ်ချက်များနှင့် ထိခိုက်လွယ်မှုတို့ကို လေ့လာဆန်းစစ်ရန်အတွက် ဘုံနည်းလမ်းများအား ဖော်ထုတ်၍ သဘောတူညီရန်လည်း စူးစမ်းဆောင်ရွက်သွားပါမည်။

### မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်

မိတ်ဖက်အဖွဲ့များသည် MPC အတွက် ရွေးချယ်ထားသော အိမ်ထောင်စုများထံမှ မှတ်ပုံတင်ရန်အနိမ့်ဆုံးလိုအပ်သည့် အခြေခံအချက်အလက်များကို ကောက်ယူကြရန် အကြံပြုပါသည်။ ကောက်ယူလိုက်သည့် အချက်အလက်များတွင် **အိမ်ထောင်ဦးစီးနှင့် ဒုဦးစီး၏ အမည်၊ မိသားစုဝင်အရေအတွက်၊ ကျေးရွာ/စခန်း၊ အိမ်ထောင်စုဝင်များကို အသက်အရွယ်နှင့် ကျားမအလိုက် ခွဲခြားဖော်ပြချက်၊ အိမ်ထောင်စုတွင် မသန်စွမ်းသူ ရှိမရှိစသည့် အချက်အလက်များ ပါဝင်ရပါမည်။** မိတ်ဖက်အဖွဲ့၏ အဖွဲ့အစည်းအဆင့် လျာထားချက်သတ်မှတ်ခြင်း သို့မဟုတ် အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များအရ စာရင်းကောက်ယူရမည့် အိမ်ထောင်စု၏ ထိခိုက်လွယ်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များ သို့မဟုတ် အခြေပြုအချက်အလက်များ ကဲ့သို့သော ထပ်တိုးအချက်အလက်များကိုလည်း ကောက်ယူနိုင်ပါသည်။

စီမံကိန်းတွင် ပါဝင်သူများ၏ ဘေးကင်းလုံခြုံရေးအတွက် အလွန်ထိရှလွယ်သော မှတ်ပုံတင်ခြင်း အချက်အလက်များကို ကာကွယ်ပေးထားရန် အရေးကြီးပြီး၊ အထူးဂရုစိုက်ရန် လိုအပ်သည်။ မိတ်ဖက်အဖွဲ့များသည် သက်ဆိုင်ရာ အဖွဲ့အစည်းအလိုက် အချက်အလက်ကာကွယ်ရေးမူဝါဒများနှင့် ကြီးကြပ်ရေးဥပဒေများကို အခြေခံ၍ အချက်အလက်ကာကွယ်ရေးလုပ်ထုံးလုပ်နည်းများကို အသင့်ပြင်ဆင်ထားရမည် ဖြစ်သည်။ ဤလုပ်ငန်းသည် မှတ်ပုံတင်အချက်အလက်များကို ဝင်ရောက်ကြည့်ရှုနိုင်သည့် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများ (FSPs) ကဲ့သို့သော တတိယပုဂ္ဂိုလ်/ အဖွဲ့အစည်းများနှင့်လည်း သက်ဆိုင်ပါသည်။ ထို့အပြင်၊ မိက်ဖက်အဖွဲ့အစည်းများသည် အခက်အလက်ကောက်ယူခြင်းလုပ်ငန်း၏ သဘောသဘာဝနှင့် ယင်းအချက်အလက်များအား မည်သူနှင့် မျှဝေအသုံးပြုမည်ကို စီမံကိန်းတွင် ပါဝင်သူများအား အသိပေးပြီးနောက်၊ သဘောတူခွင့်ပြုချက် ရယူထားရန်လိုအပ်ပါသည်။

### စိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်

မှတ်ပုံတင်ခြင်းအချက်အလက်များအား တိကျမှန်ကန်မှုရှိစေရေးနှင့် စီမံကိန်းတွင်ပါဝင်ရန် အကျုံးဝင်မှု သတ်မှတ်ချက်နှင့် ကိုက်ညီစေရေးအတွက် စီမံကိန်းတွင်ပါဝင်သူစာရင်းကို စိစစ်အတည်ပြုကြရန်လည်း မိတ်ဖက်အဖွဲ့အစည်းများအား တိုက်တွန်းပါသည်။ **ပုံမှန်အားဖြင့် ရွေးချယ်ထားသော အိမ်ထောင်စုအရေအတွက်၏ ၅% မှ ၁၀% အထိကို နမူနာကောက်ယူ၍ စိစစ်အတည်ပြုခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။**

## လွှဲပြောင်းကူညီမှုများ

### အနိမ့်ဆုံးအသုံးစရိတ် တန်ဖိုး (MEB) နှင့် လွှဲပြောင်းကူညီမှုတန်ဖိုး (Transfer vlaue)

MPC ၏ အဓိကရည်ရွယ်ချက်မှာ စီမံကိန်းတွင် ပါဝင်သည့် အိမ်ထောင်စုများ၏ ကဏ္ဍများစွာနှင့်သက်ဆိုင်သည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ အနိမ့်ဆုံးအသုံးစရိတ်တန်ဖိုး (MEB) သည် ကဏ္ဍအလိုက် ခွဲခြားထားသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လိုအပ်သည့်ကုန်ကျစရိတ်များကို ကိန်းဂဏန်းဖြင့် တွက်ချက်ပေးသည်။ MPC ၏ လွှဲပြောင်းကူညီမှုတန်ဖိုးများသည် MEBs မှ ဆင့်ပွားတွက်ချက်ထားခြင်းဖြစ်ပြီး၊ အိမ်ထောင်စုများ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်တို့ကို ထည့်သွင်းစဉ်းစားရန်အတွက် ထပ်တိုးအချက်အလက်များကို စုစည်းပေါင်းစပ်ထားသည်။ ဤလွှဲပြောင်းကူညီမှုတန်ဖိုးများသည် စီမံကိန်းတွင် ပါဝင်သည့် အိမ်ထောင်စုတစ်စုချင်းတွင်

ရှိနေသည့် မတူကွဲပြားသော လိုအပ်ချက်များနှင့် စွမ်းရည်တို့ကို အသိအမှတ်ပြု၍ ထည့်သွင်းစဉ်းစားပြီး၊ ပျမ်းမျှ အိမ်ထောင်စုတစ်စု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်သည်။

၂၀၂၄ ခုနှစ်၏ ပထမ (၆) လကာလအတွင်းတွင် MEB အား အကြီးစားပြန်လည်တွက်ချက်ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ပြီး၊ နောက်ဆုံးရအချက်များဖြင့် မွမ်းမံထားသည့် MEB နည်းပညာစာတမ်းကို CWG နှင့် ICCG တို့ထံမှ သဘောတူညီမှုရရှိထားပြီးဖြစ်သည်။ မိတ်ဖက်အဖွဲ့များအနေဖြင့် MPC ၏ လွှဲပြောင်းကူညီမှုတန်ဖိုးများအတွက် စံသတ်မှတ်ချက်အဖြစ် နောက်ဆုံးပြင်ဆင်ထားသည့် MEB ကိုလည်းကောင်း၊ ပူးတွဲပါရှိသည့် ကွာဟချက်ဆန်းစစ်မှုကိုလည်းကောင်း အသုံးပြုကြရန်တိုက်တွန်းပါသည်။

MEB ကို Hybrid နည်းလမ်းတစ်ခုဖြင့် ဖော်ထုတ်တွက်ချက်ထားခြင်းဖြစ်သည်။ စားနပ်ရိက္ခာအတွက် အမျိုးအစားခွဲခြား၍တွက်ချက်သည့် နည်းလမ်းကို အသုံးပြုပြီး၊ ပုံမှန်စားသုံးသည့်အစားအစာများကို လက်ရှိ ဈေးကွက်ဈေးနှုန်းများဖြင့် တွက်ချက်သည်။ အခြားကဏ္ဍများအတွက်မူ၊ အသုံးစရိတ်ကို အခြေခံသည့် နည်းလမ်းကို အသုံးပြုပြီး ၂၀၂၃ ခုနှစ် MSNA မှ အချက်အလက်များကို အခြေခံထားသည်။ နောက်ဆုံးမွမ်းမံထားသည့် MEB သည် အဓိကအားဖြင့် မြန်မာ MSNA ကို အသုံးပြုထားသည်။ MSNA ဆိုသည်မှာ MEB အသစ်တစ်ခု ဖော်ထုတ်တွက်ချက်ရန်နှင့် ကွာဟချက်လေ့လာဆန်းစစ်မှုပြုလုပ်ရန်အတွက် အရေးကြီးသော အသုံးစရိတ်နှင့် ဝင်ငွေဆိုင်ရာ အချက်အလက်များပါဝင်သည့် အိမ်ထောင်စုအဆင့် ဘက်စုံလိုအပ်ချက်ဆန်းစစ်မှုတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် မြို့နယ်အဆင့်တို့၌ MSNA အချက်အလက်များအတွက် အားကိုးရသော နမူနာအရေအတွက် မရရှိနိုင်ခြင်းကြောင့် MEB ကို တစ်နိုင်ငံလုံး၏ ပျမ်းမျှတန်ဖိုးအဖြစ်သာ တွက်ချက်ခဲ့ရသည်။ သို့ဖြစ်ရာ ပြည်နယ် (သို့) မြို့နယ်အလိုက် သီးသန့် MEB တန်ဖိုးများကို တွက်ချက်ဖော်ပြနိုင်ခြင်းမရှိခဲ့ပါ။

## အိမ်ထောင်စုအဆင့် အသုံးစရိတ်တွက်ချက်ခြင်းအတွက် အဆိုပြုထားသော နည်းလမ်း

ပုံ (၁) တွင် နမူနာအုပ်စုအတွင်းရှိ အိမ်ထောင်စုတစ်စု (ပျမ်းမျှ အိမ်ထောင်စုဝင် ၄.၃ ဦး) ၏ ပျမ်းမျှလစဉ်အသုံးစရိတ်ကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပြီး၊ MEB တန်ဖိုးကို ကိုယ်စားပြုနေပါသည်။ စာရင်းအင်းဆိုင်ရာနှင့် AI အခြေပြုသည့် သရုပ်ခွဲဆန်းစစ်မှုများအရ အသုံးစရိတ်အမျိုးအစားအားလုံးသည် သိသာထင်ရှားပြီး MEB တွင် ထည့်သွင်းသင့်ကြောင်း အတည်ပြုဖော်ပြနေပါသည်။

အချက်အလက်များကို အခြေခံ၍ ကြည့်ပါက၊ မြန်မာနိုင်ငံတွင် အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် အိမ်ထောင်စုတစ်စုသည် ရေရှည်တွင်အကျိုးမရှိသည့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို အသုံးမပြုရစေရန်နှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် တစ်လလျှင် ပျမ်းမျှအားဖြင့် (၄၈၀၇၉၆) ကျပ် သုံးစွဲရန် လိုအပ်ပါသည်။ ဤတန်ဖိုးမှာ MEB တန်ဖိုးပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် MEB အရ၊ စားနပ်ရိက္ခာအတွက် အသုံးစရိတ်သည် MEB ၏ ၆၅% ရှိပြီး၊ (၃၁၄၇၈၄)ကျပ် ဖြစ်သည်။ စားနပ်ရိက္ခာမဟုတ်သည့် အသုံးအဆောင်ပစ္စည်းများ (NFIs)အတွက် အသုံးစရိတ်မှာ (၁၆၆၀၁၂) ကျပ် ဖြစ်ပြီး MEB ၏ ၃၅% ကို ကိုယ်စားပြုနေသည်။ NFI အတွက် အများဆုံးအသုံးစရိတ်များမှာ လောင်စာ/စွမ်းအင်နှင့် သယ်ယူ ပို့ဆောင်ရေး အတွက်ဖြစ်ကြောင်း တွေ့ရှိရသည်။

### ပုံ (၁) – MEB အိမ်ထောင်စုအဆင့် အသုံးစရိတ်

| သုံးစွဲသည့် ကဏ္ဍ | လစဉ်အသုံးစရိတ် (မြန်မာကျပ်) | MEB ၏ ရာခိုင်နှုန်း | ၂၀၂၃ ခုနှစ် NFI ၏ % |
|---|---|---|---|
| **စားနပ်ရိက္ခာ** | **၃၁၄၇၈၄** | **၆၅ %** | |
| **အိမ်ခြံငှားခ+ နေအိမ်** | ၁၄၀၂၇ | ၃ % | ၉ % |
| **WASH/ရေ** | ၁၁၀၇၈ | ၂ % | ၇ % |
| **ပုံမှန် NFI ပစ္စည်း** | ၁၈၈၀၆ | ၄ % | ၁၂ % |
| **(ရေ၊မီး) ဝန်ဆောင်ခများ** | ၁၂၀၉၆ | ၃ % | ၈ % |
| **လောင်စာ/စွမ်းအင်** | ၂၇၀၁၀ | ၆ % | ၁၇ % |
| **သယ်ယူပို့ဆောင်ရေး** | ၂၄၇၇၉ | ၅ % | ၁၆ % |
| **ဆက်သွယ်ရေး** | ၁၅၃၄၁ | ၃ % | ၁၁ % |
| **တခါတရံလိုအပ်သည့် NFI** | ၉၆၄၉ | ၂ % | ၄ % |
| **ကျန်းမာရေး** | ၁၇၀၄၆ | ၄ % | ၁၁ % |
| **ပညာရေး** | ၁၆၁၈၀ | ၃ % | ၅ % |
| **NFI စုစုပေါင်း** | **၁၆၆၀၁၂** | **၃၅ %** | **၁၀၀ %** |
| **MEB စုစုပေါင်း** | **၄၈၀၇၉၆** | | |

## ကွာဟချက်သရုပ်ခွဲဆန်းစစ်ခြင်းနှင့် MPC ၏ လွှဲပြောင်းကူညီမှုတန်ဖိုး

အထိခိုက်လွယ်ဆုံးအိမ်ထောင်စုများ၏ လိုအပ်ချက်များကို ကိုယ်တိုင် ဖြည့်ဆည်းနိုင်သည့် စွမ်းဆောင်ရည်ကို သတ်မှတ်ဖော်ထုတ်ရန်နှင့် အိမ်ထောင်စုများက MEB အသုံးစရိတ်အဆင့်ကို ပြည့်မီစေရန် လိုအပ်သည့် လူသားချင်းစာနာမှုအကူအညီပမာဏကို ဆုံးဖြတ်နိုင်ရန်အတွက် ကွာဟချက်ဆန်းစစ်မှုတစ်ခုကို ပြုလုပ်ခဲ့သည်။ ကွာဟချက်ဆန်းစစ်မှု ပြုလုပ်ရာတွင် မိမိတို့၏ အခြေခံလိုအပ်ချက်တစ်ခုကိုမျှ ဖြည့်ဆည်းနိုင်စွမ်းမရှိခဲ့သည့် အိမ်ထောင်စုများကို ရွေးချယ်ခဲ့သည်။

ပုံ (၂) တွင် မိမိတို့၏ အခြေခံလိုအပ်ချက်တစ်ခုကိုမျှ ဖြည့်ဆည်းနိုင်စွမ်းမရှိခဲ့သည့် အိမ်ထောင်စုများ၏ လစဉ်ပျမ်းမျှဝင်ငွေကို ဖော်ပြထားသည်။ ဤအိမ်ထောင်စုများသည် မိမိတို့၏လိုအပ်ချက်တစ်ခုကိုမျှ ဖြည့်ဆည်းနိုင်စွမ်း မရှိခဲ့ကြောင်း အစီရင်ခံထားကြသော်လည်း၊ လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင် ဖြည့်ဆည်းနိုင်သည့် စွမ်းဆောင်ရည်အချို့ရှိနေကြောင်း တွေ့ရှိရသည်။ ကွာဟချက်ဆန်းစစ်ရာတွင် တဆင့်ခံကောက်ယူထားသည့် အခြေခံစားသောက်ကုန်ဈေးနှုန်းများကို ချိန်ညှိရန်အတွက် ငွေဖောင်းပွမှုကို ၇% ဟု ယူဆ၍ ထည့်သွင်းတွက်ချက်ထားသည်။

### ပုံ (၂) - အထိခိုက်လွယ်ဆုံးအုပ်စုများ၏ လစဉ်ပျမ်းမျှဝင်ငွေ

| အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု၏ စွမ်းရည် | လစဉ်ပျမ်းမျှဝင်ငွေ (မြန်မာကျပ်) | ငွေဖောင်းပွမှု ၇% ဖြင့် ချိန်ညှိတွက်ချက်မှု |
|---|---|---|
| **"မည်သည့်လိုအပ်ချက်ကိုမျှ ပြည့်မီအောင် မဖြည့်ဆည်း နိုင်" ဟု ရွေးချယ်ထားသည့် ပျမ်းမျှအိမ်ထောင်စု အရေအတွက်** | ၁၆၁၈၈၆ | ၁၇၃၂၁၈ |

MEB ကွာဟချက်ဆန်းစစ်မှုဆိုသည်မှာ ကူညီပေးရန် လျာထားသည့်အိမ်ထောင်စုများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လိုအပ်သည့် လူသားချင်းစာနာမှုအကူအညီပမာဏကို တွက်ချက်ရာတွင် အသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းတွင် လိုအပ်ချက်များ (MEB) နှင့် လျာထားသည့် အိမ်ထောင်စုများက ထိုလိုအပ်ချက်များကို မိမိတို့ကိုယ်တိုင် ဖြည့်ဆည်းနိုင်သည့် စွမ်းဆောင်ရည် (ရရှိနိုင်သော ဝင်ငွေ) နှစ်မျိုးလုံးကို ထည့်သွင်းစဉ်းစားထားသည်။ သို့ဖြစ်ရာ ကွာဟချက်ဆန်းစစ်မှုသည် “MEB ပမာဏ” မှ “လစဉ်ပျမ်းမျှဝင်ငွေ”ကို နုတ်ခြင်းဖြင့် တွက်ချက်ထားခြင်းဖြစ်သည်။ ထွက်ပေါ်လာသည့် ရလဒ်သည် ထိခိုက်လွယ်အိမ်ထောင်စုများက မိမိတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ပျမ်းမျှအားဖြင့် လိုအပ်သည့် လူသားချင်းစာနာမှုဆိုင်ရာ ငွေကြေးအကူအညီ ပမာဏပင်ဖြစ်သည်။

ပျမ်းမျှအားဖြင့် ထိခိုက်လွယ်အိမ်ထောင်စုများသည် ကဏ္ဍများစွာနှင့်သက်ဆိုင်သည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် တစ်လလျှင် (၃၀၇၅၇၈) ကျပ်ကို လူသားချင်းစာနာမှုအကူအညီအသွင်ဖြင့် လိုအပ်နေပါသည်။ ဤပမာဏသည် ပုံ (၃) တွင် ဖော်ပြထားသည့်အတိုင်း အိမ်ထောင်စုများအတွက် လစဉ်လိုအပ်ချက်ပမာဏ၏ ၆၄% ကို လွှမ်းခြုံကာမိစေသည်။

### ပုံ (၃) - ကွာဟချက်ဆန်းစစ်မှုအရ တွက်ချက်ခြင်း

| MEB တန်ဖိုး (မြန်မာကျပ်) | အိမ်ထောင်စု၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် စွမ်းရည် | အိမ်ထောင်စုများ၏ လစဉ်ဝင်ငွေ (မြန်မာကျပ်) | လူသားချင်းစာနာမှု အကူ အညီဖြင့် ဖြည့်ဆည်းပေးရမည့် လစဉ်ကွာဟချက် (မြန်မာကျပ်) | လူသားချင်းစာနာမှု အကူ အညီဖြင့် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၄၈၀၇၉၆ | “မည်သည့်လိုအပ်ချက်ကိုမျှ ဖြည့်မီအောင် မဖြည့်ဆည်းနိုင်” ဟု ရွေးချယ်ထားသည့် ပျမ်းမျှအိမ်ထောင်စုအရေအတွက် | ၁၇၃၂၁၈ | ၃၀၇၅၇၈ | ၆၄ % |

ကွာဟချက်ဆန်းစစ်မှုအရ တွက်ချက်မှုမှာ အကြံပြုထားသော MPC လွှဲပြောင်းကူညီမှုတန်ဖိုးပင်ဖြစ်သည်။ ထို့ကြောင့် လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး၌ ထိခိုက်လွယ်အိမ်ထောင်စုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တစ်လလျှင် (၃၁၀၀၀၀) ကျပ်နှုန်းဖြင့် (ကူညီမှုတန်ဖိုး ၃၀၇၅၇၈ ကျပ်ကို အနီးဆုံးသောင်းဂဏန်းအထိ ယူထားခြင်းဖြစ်သည်) ထောက်ပံ့ပေးကြရန် အကြံပြုပါသည်။

| MPC မှ အကြံပြုထားသော လွှဲပြောင်းကူညီမှုတန်ဖိုး (၂၀၂၄ ခုနှစ် ဇူလိုင်လ) |
|---|
| **အိမ်ထောင်စုတစ်စုအတွက် တစ်လလျှင် (၃၁၀၀၀၀) ကျပ်**<br>**(ကူညီမှုတန်ဖိုး ၃၀၇၅၇၈ ကျပ်ကို အနီးဆုံးသောင်းဂဏန်းအထိ ယူထားခြင်းဖြစ်သည်)** |

MPC လုပ်ငန်း၏ အကျိုးရလဒ်များကို သိသာစွာမြင်တွေ့နိုင်ရန်အတွက် အကြံပြုထားသော လွှဲပြောင်းကူညီမှုတန်ဖိုးကို ထောက်ပံ့ပေးရန် အရေးကြီးပါသည်။ အကြံပြုထားသော ပမာဏထက် လျော့နည်း၍ ထောက်ပံ့ပေးပါက အိမ်ထောင်စုများက ကဏ္ဍများစွာနှင့်သက်ဆိုင်သည့် လစဉ်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်း ရှိတော့မည်မဟုတ်ပါ။ မိတ်ဖက်အဖွဲ့များသည် အချို့နေရာဒေသများတွင် ကွာဟချက်ဆန်းစစ်မှုတန်ဖိုးနှင့် မတူညီသော ပမာဏတစ်ခုကို ထောက်ပံ့ရန် သဘောတူညီနိုင်ပါသည်၊ သို့သော် စီမံကိန်းတွင်ပါဝင်သူများက ကွာဟချက်ဆန်းစစ်မှုတန်ဖိုးထက် ပိုနည်း

သော သို့မဟုတ် ပိုများသော ပမာဏကို လိုအပ်ကြောင်း သက်သေအချက်အလက်များဖြင့် ဖော်ပြနိုင်မှသာ ယင်းသို့ ထောက်ပံ့သင့်ပါသည်။ ထောက်ပံ့သည့်ပမာဏ မတူညီရခြင်းမှာ စီမံကိန်းတွင် ပါဝင်သူများက လိုအပ်ချက်များကို မိမိတို့၏ကိုယ်ပိုင်နည်းလမ်းများ (အခြားသော လူသားချင်းစာနာမှုအကူအညီများလည်း ပါဝင်နိုင်သည်) ဖြင့် ဖြည့်ဆည်းနိုင်သည့် စွမ်းဆောင်ရည်ရှိခြင်း သို့မဟုတ် ဒေသတွင်းတွင် တစ်နိုင်ငံလုံး၏ ပျမ်းမျှဈေးနှုန်းနှင့် သိသာစွာ ကွာခြားနေခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ထောက်ပံ့ပေးသည့် တန်ဖိုးသည် အကြံပြုထားသော MPC နှင့် ကွဲလွဲနေပါက သက်ဆိုင်ရာ ပြည်နယ်/ဒေသကြီး CWG ၏ ပေါင်းစပ်ညှိနှိုင်းပေးမှုဖြင့် နိုင်ငံအဆင့် CWG ထံမှ ခွင့်ပြုချက် ရယူရန်ဖြစ်သည်။

**မိတ်ဖက်အဖွဲ့များအနေဖြင့် အိမ်ထောင်စုဝင်အရေအတွက်မည်သို့ပင်ရှိစေကာမူ၊ အိမ်ထောင်စုများအားလုံးသို့ တူညီသော အကူအညီပမာဏကိုသာ ဖြန့်ဝေပေးရန် CWG က အကြံပြုပါသည်။** MPC လွှဲပြောင်းကူညီမှုများသည် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား (အိမ်ထောင်စုဝင် ၄.၃ ဦး) ကို အခြေခံထားပါသည်။ MEB နှင့် ကွာဟချက်ဆန်းစစ်မှုများမှာ MSNA အချက်အလက်များဖြင့် သတ်မှတ်ထားသည့် ပျမ်းမျှအိမ်ထောင်စုအရွယ်အစားကို အခြေခံထားပြီး၊ အိမ်ထောင်စုတွင် ပါဝင်သူအမျိုးအစား သို့မဟုတ် စီးပွားရေးအခြေအနေတို့ကို ထည့်သွင်းစဉ်းစားထားခြင်း မရှိပါ။ စီမံကိန်းတွင် ပါဝင်သူများအား မှတ်ပုံတင်ခြင်းနှင့် စိစစ်အတည်ပြုခြင်းလုပ်ငန်းများတွင် ပြဿနာများရှိနေခြင်းကြောင့် အမှန်တကယ်အိမ်ထောင်စုဝင် အရေအတွက်ကို အခြေခံ၍ အကူအညီဖြန့်ဝေပေးခြင်းသည် မြန်မာနိုင်ငံတွင် ကြီးမားသော အခက်အခဲများကို ဖြစ်စေနိုင်သည်။ သို့သော် အိမ်ထောင်စုဝင်များအား လူကိုယ်တိုင်သွားရောက်၍ စိစစ်အတည်ပြုနိုင်ရန် ဝင်ရောက်သွားလာခွင့်ရှိသည့် အခြေအနေများတွင်မူ ဤနည်းလမ်းက သင့်တော်နိုင်ပါသည်။ CWG သည် ဤခေါင်းစဉ်ကို MPC အထူးလုပ်ငန်းအဖွဲ့အတွင်းတွင် ဆက်လက်ဆွေးနွေးသွားပါမည်။

အကြံပြုထားသော MPC လွှဲပြောင်းကူညီမှုတန်ဖိုးသည် MPC အတွက် ရည်ရွယ်ထားသော အကျိုးရလဒ်များကို ဖြည့်ဆည်းနိုင်ကြောင်း သေချာစေရေးအတွက် CWG သည် ယင်းလွှဲပြောင်းကူညီမှုတန်ဖိုးကို အနီးကပ်စောင့်ကြည့်ဆန်းစစ်နေမည်ဖြစ်သည်။ နှစ်စဉ်ကောက်ယူသည့် MSNA အချက်အလက်အသစ်များကိုအသုံးပြု၍ MEB နှင့် ကွာဟချက်ဆန်းစစ်မှုတို့ကို နှစ်စဉ်ပြန်လည်သုံးသပ်မွမ်းမံမည်ဖြစ်ပြီး၊ ကြီးမားသော ဈေးနှုန်းအတက်အကျများ ဖြစ်ပေါ်ပါက ငွေဖောင်းပွမှုနှုန်းများပေါ်မူတည်၍ ချိန်ညှိပြင်ဆင်သွားပါမည်။ ပါဝင်သည့်အဖွဲ့အစည်းများအား အကြံပြုထားသော လွှဲပြောင်းကူညီမှုတန်ဖိုးများနှင့်စပ်လျဉ်း၍ CWG ၏ နောက်ဆုံးထုတ်ပြန်ချက်များနှင့်အညီ လွှဲပြောင်းကူညီမှုပမာဏများကို တိုးမြှင့်နိုင်ရေးအတွက် ပြောင်းလွယ်ပြင်လွယ် လုပ်ကိုင်မှုကို ခွင့်ပြုပေးရန်လည်း အလှူရှင်များသို့ မေတ္တာ ရပ်ခံထားပါသည်။

## လွှဲပြောင်းကူညီမှုများ၏ အကြိမ်ရေနှင့် အချိန်ကာလ

MPC လွှဲပြောင်းကူညီမှုများအတွက် အကြံပြုထားသော အကြိမ်ရေနှင့် အချိန်ကာလသည် မိတ်ဖက်အဖွဲ့များ၏ ရန်ပုံငွေရရှိနိုင်မှုအပေါ် မူတည်၍ အကူအညီအလွန်နည်းပါးစွာ ရရှိခဲ့သည့် ထိခိုက်လွယ် အိမ်ထောင်စုများစွာတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ဟန်ချက်ချိန်ညှိပေးနိုင်ရန် ရည်ရွယ်ပါသည်။

**အကြံပြုထားသည့် လျာထားချက်သတ်မှတ်ခြင်းစံနှုန်းများနှင့် ကိုက်ညီသည့် အိမ်ထောင်စုများသည် MPC အကူအညီကို အနိမ့်ဆုံးအားဖြင့် နှစ်ကြိမ်ရရှိသင့်ပါသည်။** လွှဲပြောင်းကူညီမှုများကို လစဉ်ပြုလုပ်နိုင်ပါက အကောင်းဆုံး ဖြစ်သော်လည်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိနေပါက (ဥပမာအားဖြင့် ဝင်ရောက်သွားလာရေး အခက်အခဲများ) သို့မဟုတ် စီမံကိန်းနှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရမည့်အချက်များ ရှိနေပါက (ဥပမာအားဖြင့် အခြားအဖွဲ့အစည်းများကလည်း အကူအညီများထောက်ပံ့ပေးနေခြင်း) နှစ်လတစ်ကြိမ် သို့မဟုတ် သုံးလတစ်ကြိမ် ပေးအပ်ရန် ချိန်ညှိ

ဆောင်ရွက်နိုင်သည်။ အကူအညီလက်ခံရရှိသည့် အိမ်ထောင်စုများ၏ လိုအပ်ချက်များမှာ ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ ကဏ္ဍအလိုက်ပေးအပ်သော အကူအညီများ ထပ်နေခြင်းမရှိဘဲ၊ အရင်းအမြစ်များကိုလည်း ရရှိနိုင်သည်ဆိုပါက MPC အကူအညီကို အကြိမ်ရေထပ်တိုး၍ ပေးအပ်နိုင်ပါသည်။ လွှဲပြောင်းကူညီမှုကို သုံးကြိမ်သို့ တိုးမြှင့်ပေးအပ်ခြင်းသည် စီမံကိန်းတွင် ပါဝင်သည့် အိမ်ထောင်စုများအတွက် အခြေခံလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်စွမ်းရှိစေပြီး၊ ရေရှည် အကျိုးမရှိသည့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများအား ကျင့်သုံးရခြင်းကို လျော့ကျစေနိုင်ပါသည်။ စီမံကိန်းတွင် ပါဝင်သည့် အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှု၊ အဖွဲ့အစည်းများက အရင်းအမြစ်များအား ရရှိနိုင်မှုစသည့် အချက်များသည် လွှဲပြောင်းကူညီမှုများ၏ အကြိမ်ရေနှင့် အချိန်ကာလတို့ကို လွှမ်းမိုးနိုင်ပါသည်။

**ပဋိပက္ခများ၊ ရာသီဥတုနှင့် ဆက်စပ်သည့် ဖြစ်ရပ်များ သို့မဟုတ် အခြားသော ရုတ်တရက်ထိခိုက်မှု အန္တရာယ်များကြောင့် အသက်ကယ်ဆယ်ရေးအကူအညီများကို ချက်ချင်းလိုအပ်နေကြသည့် အိမ်ထောင်စုများအတွက် ကဏ္ဍအလိုက်ပေးအပ်သော အကူအညီများနှင့် ထပ်နေခြင်းမရှိဘဲ၊ ယင်းလိုအပ်ချက်များမှာလည်း ကာလတိုအတွင်းသာဖြစ်ပြီး တစ်လထက်လျော့နည်းမည်ဟု မျှော်မှန်းထားပါက (ဥပမာအားဖြင့် ကာလတိုနေရပ်စွန့်ခွာရမှု)၊ ဤအိမ်ထောင်စုများကို MPC အကူအညီတစ်ကြိမ်တည်း ထောက်ပံ့ရန် အကြံပြုပါသည်။** ဖြစ်နိုင်ပါက လွှဲပြောင်းကူညီမှုကို လိုအပ်ချက်ဖြစ်ပေါ်သည့် ပထမလအတွင်း ပေးအပ်နိုင်ရမည်ဖြစ်သည်။ လိုအပ်ချက်များသည် တစ်လကျော်သည်အထိ ဆက်လက်ရှိနေဆဲဖြစ်ပါက၊ MPC အကူအညီကို အနိမ့်ဆုံးအားဖြင့် နောက်တစ်ကြိမ် ထပ်တိုးပေးအပ်ရန် အကြံပြုပါသည်။

## လွှဲပြောင်းပေးခြင်းနှင့် ထွက်ခွာရေးမဟာဗျူဟာ

မိတ်ဖက်အဖွဲ့များသည် အရင်းအမြစ်အခက်အခဲများကို ရင်ဆိုင်ရခြင်းကြောင့် အခြေအနေအများစုတို့တွင် ကာလရှည် MPC အကူအညီများကို ပေးအပ်ရန် မဖြစ်နိုင်ပါ။ သို့သော် စီမံကိန်းတွင် ပါဝင်သည့် အိမ်ထောင်စုများ၏ လိုအပ်ချက်များမှာ MPC အကူအညီကို နှစ်ကြိမ်ပေးအပ်ပြီးနောက်ပိုင်းကာလများတွင်လည်း ဆက်လက်ရှိနေနိုင်ပါသည်။ ထို့ကြောင့် စီမံကိန်းတွင် ပါဝင်သည့် အိမ်ထောင်စုများသို့ ရေရှည်တွင် ကဏ္ဍအလိုက် အကူအညီများကို ဆက်လက်ပေးအပ်နိုင်ရန်အတွက် လွှဲပြောင်းပေးရေးစနစ်တစ်ခုကို တည်ထောင်ထားရန် CWG က အကြံပြုပါသည်။ MPC အကူအညီကို နောက်ဆုံးအကြိမ်ပေးအပ်ပြီးနောက်ပိုင်းတွင် မိတ်ဖက်အဖွဲ့များသည် လူသားချင်းစာနာမှုအကူအညီ ဆက်လက်လိုအပ်နေသေးသော အိမ်ထောင်စုများ သို့မဟုတ် နေရာ/စခန်းများ သို့မဟုတ် နှစ်မျိုးလုံးကို လေ့လာဆန်းစစ်၍ သတ်မှတ်ဖော်ထုတ်ရန်နှင့် ယင်းအိမ်ထောင်စု/စခန်းများအား ကဏ္ဍအလိုက်သီးသန့် အကူအညီများပေးနိုင်ရေးအတွက် စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ အမိုးအကာ/နေအိမ်၊ WASH, မသန်စွမ်းမှုအကူအညီ၊ မိခင်နှင့်ကလေးအကူအညီ၊ ကာကွယ်စောင့်ရှောက်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းစသည်တို့ အပါအဝင် သက်ဆိုင်ရာအစုအဖွဲ့များသို့ လွှဲပြောင်းပေးရန် အကြံပြုပါသည်။

လွှဲပြောင်းပေးခြင်းနှင့် ထွက်ခွာရေးမဟာဗျူဟာနည်းလမ်းကို စိတ်ဝင်စားကြသည့် မိတ်ဖက်အဖွဲ့များသည် ဤလုပ်ငန်းအတွက် အထောက်အကူရရှိနိုင်ရန် [လိုအပ်ချက်ဖြည့်ဆည်းနိုင်မှုညွှန်းကိန်း (MNI)] ဆန်းစစ်မှုကို ရွေးချယ်၍ အသုံးပြုနိုင်ပါသည်။ ဤဆန်းစစ်မှုကို MPC အကူအညီဖြန့်ဝေပြီး နှစ်လအကြာတွင် ဆောင်ရွက်ရန် အကောင်းဆုံး ဖြစ်ပြီး၊ အိမ်ထောင်စုများ၏ လိုအပ်ချက်များ ဆက်လက်ရှိသေးခြင်း ရှိမရှိနှင့် မည်သည့် လိုအပ်ချက်များ ရှိနေသေး သည်ကို နားလည်စေရန် ကူညီပေးနိုင်သည်။ ဤဆန်းစစ်မှုသည် 'အကူအညီဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်စစ် ဆေးခြင်း' (PDM) နှင့် ကွဲပြားခြားနားပါသည်။ PDM ကို အကူအညီဖြန့်ဝေပြီးနောက် (၂) ပတ်မှ (၃) ပတ်အတွင်း ဆောင်ရွက်ရန် အကြံပြုထားပြီး၊ ပေးအပ်လိုက်သော အကူအညီများကို ဦးတည်၍ ဆန်းစစ်ခြင်းဖြစ်သည်။ MNI နည်းစနစ်အကြောင်း

အသေးစိတ်ရှင်းပြချက်များကို MNI လမ်းညွှန်မှတ်စုတွင် ကြည့်နိုင်ပါသည်။ MNI ကို အခြားသော နောက်ခံအခြေအနေများတွင်လည်း ဖော်ထုတ်ရေးဆွဲ၍ အောင်မြင်စွာ အသုံးပြုခဲ့ကြသည်။

CWG သည် MPC မိတ်ဖက်အဖွဲ့များနှင့် သက်ဆိုင်ရာ အစုအဖွဲ့များအကြားတွင် လွှဲပြောင်းပေးခြင်းနှင့် ထွက်ခွာရေးမဟာဗျူဟာအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြင့် ကူညီပါမည်။ လေ့လာဆန်းစစ်မှုမှ အချက်အလက် များကို ဖွင့်ဆိုဘာသာပြန်ခြင်း၊ စခန်း/ကျေးရွာများကို လျာထားခြင်း၊ ကဏ္ဍအလိုက်လွှဲပြောင်းပေးရမည့် မိတ်ဖက်အဖွဲ့များကို မြေပုံဆွဲလေ့လာခြင်းတို့အတွက် အခြေခံအချက်များကို သတ်မှတ်တည်ထောင်နိုင်ရန်အတွက် အစုအဖွဲ့များနှင့် ထပ်မံဆွေးနွေးရန် လိုအပ်ပါမည်။ ကဏ္ဍအလိုက် အကူအညီများကို လိုအပ်နေသည့် စခန်း/ကျေးရွာများ၊ ၎င်းတို့ လက်ခံရရှိသည့် အကူအညီအမျိုးအစားနှင့် ပမာဏတို့ကို စောင့်ကြည့်စစ်ဆေးနိုင်ရန်အတွက် အချက်အလက်စုစည်းတင်ပြသည့်စနစ် (tracking system) တစ်ခုကိုလည်း တည်ထောင်သွားရန် မျှော်မှန်းထားပါသည်။ ရှေ့ပြေးဆောင်ရွက်မည့် လုပ်ငန်းများကို အချို့သော အစုအဖွဲ့များ၊ စီမံကိန်းတွင် ပါဝင်သည့်အဖွဲ့များနှင့် ဆွေးနွေးသွားပါမည်။

ရေရှည်တွင်မူ မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေတိုးတက်လာသည်နှင့်တပြိုင်နက် လူမှုကာကွယ်စောင့်ရှောက်ရေးစီမံကိန်းများသို့ လွှဲပြောင်းပေးခြင်းသည် စီမံကိန်းတွင် ပါဝင်သူများစွာတို့က ပိုမိုနှစ်သက်လိုလားသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်လာမည်ဟု မျှော်မှန်းထားပါသည်။

**လွှဲပြောင်းပေးအပ်ခြင်းနှင့် ထွက်ခွာရေးမဟာဗျူဟာတို့အတွက် လမ်းညွှန်ချက်များကို ပိုမိုနားလည်စေရေးနှင့် နည်းလမ်းများ ဖော်ထုတ်ရေးဆွဲရေးအတွက် MPC အထူးလုပ်ငန်းအဖွဲ့၊ အစုအဖွဲ့များ၊ CWG မိတ်ဖက်အဖွဲ့များပူးပေါင်း ၍ တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်တစ်ရပ်ဖြင့် ဆောင်ရွက်သွားပါမည်။** ဤလုပ်ငန်းကို MNI နည်းစနစ်အား အခြေခံကာ သို့မဟုတ် မတူညီသော နည်းလမ်းများအား အသုံးပြုကာ ဆောင်ရွက်ပါမည်။

## စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ခန်းစာထုတ်နုတ်ရယူခြင်း

မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (CWG) သည် MPCA စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ တာဝန်ခံယူခြင်းနှင့် သင်ခန်းစာထုတ်နုတ်ရယူခြင်း နည်းလမ်းစုံ (MEAL) တွင် ဖော်ပြထားသည့် M&E နည်းလမ်းများကို သဘောတူညီထားပြီးဖြစ်သည်။ ဤနည်းလမ်းများသည် ငွေကြေးဆိုင်ရာ လုပ်ငန်းပိုင်းဆောင်ရွက်မှုအဖွဲ့၏ Grand Bargain ညွှန်းကိန်းများနှင့်လည်း ကိုက်ညီသည်။ အထူးသဖြင့် MPC အား စောင့်ကြည့်အကဲဖြတ်ခြင်း (M&E) အတွက် အဖွဲ့အစည်းတွင်း ကိုယ်ပိုင်နည်းလမ်းများနှင့် template ပုံစံများ မရှိသေးသည့် မိတ်ဖက်အဖွဲ့များသည် ဤနည်းလမ်းများကို အသုံးပြုကြရန် CWG က တိုက်တွန်းပါသည်။ အကြံပြုထားသော MEAL နည်းလမ်းစုံတွင် အောက်ပါနည်းလမ်းများ ပါဝင်သည် -

(၁) **စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း စီမံချက်** - M&E စီမံချက်သည် မည်သည့် M&E လုပ်ငန်းစဉ်များအား မည်သည့်အချိန်တွင် ဆောင်ရွက်ရမည်ကို ဖော်ပြထားပြီး၊ စီမံကိန်းဝန်ထမ်းများအတွက် လမ်းပြမြေပုံတစ်ခုအဖြစ် ဆောင်ရွက်ပေးသည်။ ဤစီမံချက်သည် တာဝန်ခံယူမှု ရည်ရွယ်ချက်အတွက် အရေးကြီးပြီး၊ M&E လုပ်ငန်းများ၏ အချိန်ကိုက်ဖြစ်မှုနှင့် အရည်အသွေး တိုးတက်စေရန် ကူညီပေးသည်။

(၂) **ဖြန့်ဝေပြီးနောက်ပိုင်းစောင့်ကြည့်စစ်ဆေးခြင်း (PDM) အတွက် template ပုံစံ** - မိတ်ဖက်အဖွဲ့အားလုံးတို့သည် MPC အကူအညီများကို ဖြန့်ဝေပြီးနောက်ပိုင်းတွင် PDM ကို ဆောင်ရွက်သင့်ပါသည်။ template ၏ ပုံစံ A မှ K အထိကို အသုံးပြုရန်အကြံပြုပါသည်။ စားနပ်ရိက္ခာဖူလုံရေးနှင့် အသုံးစရိတ်အတွက် ပုံစံများကို အသုံးပြုလိုက သုံးနိုင်ပြီး၊ ယင်းပုံစံများကို အခြေပြု/အပြီးသတ် လေ့လာဆန်းစစ်မှု၏

အစိတ်အပိုင်းတစ်ခုအဖြစ် အကောင်းဆုံးအသုံးပြုကြသည်။ PDMs များကို အကူအညီဖြန့်ဝေပြီးနောက် (၃၀)ရက် မကျော်လွန်မီတွင် ဆောင်ရွက်သင့်သည်။ မိတ်ဖက်အဖွဲ့များသည် အကဲဖြတ်ဆန်းစစ်ရမည့် စီမံကိန်းပါဝင်သူအရေအတွက်ကို ဆုံးဖြတ်ရန်အတွက် နမူနာအရွယ်အစားတွက်ချက်ဆုံးဖြတ်ခြင်းနည်းလမ်း (sample size calculation decision tool) ကို အသုံးပြုနိုင်သည်။ အကဲဖြတ်ဆန်းစစ်ရာတွင် ဖြစ်နိုင်ပါက လူကိုယ်တိုင်နှင့် ဖုန်းဖြင့် တွေ့ဆုံမေးမြန်းခြင်းနှစ်မျိုးလုံးကို ပေါင်းစပ်၍ ပြုလုပ်ရန် အကြံပြုပါသည်။

(၃) **အခြေပြုနှင့် အပြီးသတ်နည်းလမ်း** - စီမံကိန်း၏ အကျိုးရလဒ်များကို ရည်ညွှန်းမှတ်များဖြင့် သတ်မှတ်ထားရန်အတွက် ပထမအကြိမ် MPC ဖြန့်ဝေမှုမပြုလုပ်မီတွင် အခြေပြုလေ့လာဆန်းစစ်မှုတစ်ခုကို ပြုလုပ်ရန် အကြံပြုပါသည်။ ရလဒ်ညွှန်းကိန်းများကို အသုံးပြု၍ လေ့လာဆန်းစစ်ခြင်းဖြင့် အကူအညီရရှိသည့် အိမ်ထောင်စုများအပေါ် MPC ၏ သက်ရောက်မှုများကို ပိုမိုနားလည်စေပြီး၊ စီမံကိန်းတွင် ပါဝင်သူများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်းကို လိုက်လျောညီထွေ ပြောင်းလဲဆောင်ရွက်နိုင်ရန် ကူညီပေးပါသည်။ ဤနည်းလမ်းတွင် အကြံပြုထားသည့် ညွှန်းကိန်းများသည် MPC ၏ ရည်ရွယ်ချက်များနှင့် အကျိုးရလဒ်များအား ဖြည့်ဆည်းနိုင်ခြင်းရှိမရှိနှင့်စပ်လျဉ်း၍ အသုံးဝင်သော သတင်းအချက်အလက်များကို ထောက်ပံ့ပေးပါသည်။

ဤ Tool တွင် အဓိကညွှန်းကိန်းနှင့် ကဏ္ဍအလိုက်ညွှန်းကိန်းဟူ၍ ညွှန်းကိန်း နှစ်မျိုးပါဝင်သည်။ MPC တွင် "အခြေခံလိုအပ်ချက်နည်းလမ်း"ကို အသုံးပြုထားခြင်းကြောင့် အသုံးပြုရန်အကြံပြုလိုသော အဓိကညွှန်းကိန်းမှာ "အိမ်ထောင်စုများကိုယ်တိုင် အဓိပ္ပါယ်ဖွင့်ဆို၍ ဦးစားပေးအဖြစ် သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းရှိသည်ဟု အစီရင်ခံသော အိမ်ထောင်စုအရေအတွက်" ဖြစ်ပါသည်။

| MPC အတွက် အကြံပြုထားသော ရလဒ်ညွှန်းကိန်း |
|---|
| **အိမ်ထောင်စုများကိုယ်တိုင် အဓိပ္ပါယ်ဖွင့်ဆို၍ ဦးစားပေးအဖြစ် သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းရှိသည်ဟု အစီရင်ခံသော အိမ်ထောင်စုအရေအတွက်** |

အခြားသော အဓိကညွှန်းကိန်းများနှင့် ကဏ္ဍအလိုက်သီးသန့်ညွှန်းကိန်းများအတွက်မူ၊ အကြံပြုထားသော ညွှန်းကိန်းများအား MPC အထူးလုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာ အစုအဖွဲ့များအကြားတွင် သဘောတူညီကြရန်မှာ ဆွေးနွေးမှုများကို ထပ်မံပြုလုပ်ရန် လိုအပ်ပါမည်။ ကြားကာလတွင်မူ မိတ်ဖက်အဖွဲ့များသည် မိမိတို့၏ စီမံကိန်းရည်ရွယ်ချက်များနှင့် အသင့်တော်ဆုံးဖြစ်သည့် ညွှန်းကိန်းများကို ရွေးချယ်နိုင်ပါသည်။ နောက်ဆက်တွဲ (၁)တွင် အကြံပြုညွှန်းကိန်းများကို တွေ့နိုင်ပါသည်။

## စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် လိုက်လျောညီထွေ စီမံခန့်ခွဲခြင်း

စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် လိုက်လျောညီထွေစီမံခန့်ခွဲခြင်းတို့သည် MPC မဟာဗျူဟာ၏ မရှိမဖြစ်သော အစိတ်အပိုင်းများဖြစ်ကြသည်။ MPC မိတ်ဖက်အဖွဲ့များအား အထူးသဖြင့် MPC အထူးလုပ်ငန်းအဖွဲ့နှင့် CWG တွင် တက်ကြွစွာဖြင့် ပူးပေါင်းပါဝင်ရန် တိုက်တွန်းပါသည်။ လမ်းညွှန်ချက်များ၊ နည်းလမ်းများ၊ အစီရင်ခံခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့အတွက် သီးသန့်သင်တန်းများကို CWG က ထောက်ပံ့ပေးသွားပါမည်။ ဤသင်တန်းများကို CWG နည်းပညာဆိုင်ရာ ဦးတည်ပုဂ္ဂိုလ်များက အထောက်အကူပြုပေးမည်ဖြစ်ပြီး၊ မိတ်ဖက်အဖွဲ့များက မေးမြန်းလိုသည့် မေးခွန်းများကို ဖြေကြားပေးရန် အသင့်ရှိနေပါမည်။

ထို့အပြင်၊ ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့နှင့် ဆက်စပ်အဖွဲ့များကလည်း ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေရန်အတွက် စွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်းများကို ကူညီပေးပါမည်။ ဤလုပ်ငန်းများသည် မိတ်ဖက်အဖွဲ့များအကြားတွင် MPC နည်းလမ်းကို လိုက်လျောညီထွေ စုစည်းဆောင်ရွက်နိုင်ရေးအတွက် အရေးကြီးပါသည်။ အထူးသဖြင့် ဒေသခံမိတ်ဖက်အဖွဲ့များကိုလည်း ပူးပေါင်းပါဝင်ရန် တိုက်တွန်းပါသည်။ ဒေသခံပါဝင်ဆောင်ရွက်သူများကို ကူညီပေးရန်အတွက် နိုင်ငံတကာမှ ငွေကြေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ သို့မဟုတ် အတွေ့အကြုံရှိသည့် ငွေကြေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများက အနီးကပ်ကြီးကြပ်နည်းပြပေးပြီး၊ အတွေ့အကြုံမျှဝေပေးပါမည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ဒေသခံမိတ်ဖက်အဖွဲ့များအား စွမ်းဆောင်ရည်တည်ဆောက်ပေးရန်နှင့် MPC မဟာဗျူဟာအား တသမတ်တည်းဖြင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်သည်။

## သင်ခန်းစာထုတ်နုတ်ရယူခြင်းနှင့် စဉ်ဆက်မပြတ်တိုးတက်စေခြင်း

ဤစာတမ်းသည် MPC လမ်းညွှန်ချက်နှင့် မဟာဗျူဟာအတွက် ပထမဆုံးဗားရှင်းကို ကိုယ်စားပြုသည်။ မိတ်ဖက်အဖွဲ့များက CWG နှင့် MPC အထူးလုပ်ငန်းအဖွဲ့မှတဆင့် အသေးစိတ်အတွေးအမြင်များနှင့် အတွေ့အကြုံများကို ဆက်လက်မျှဝေခြင်းဖြင့် MPC နည်းလမ်းကို ပိုမိုကောင်းမွန်အောင် အချိန်နှင့်အမျှ မွမ်းမံပြင်ဆင်သွားပြီး၊ စဉ်ဆက်မပြတ်ဆက်လက်တိုးတက်စေမည်ဖြစ်သည်။

## ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် အစီရင်ခံခြင်း

MPC အတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်းကို CWG က ဆောင်ရွက်မည်ဖြစ်ပြီး၊ အေဂျင်စီများအကြား အမြဲတမ်း ကော်မတီ (IASC) ၏ ငွေကြေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးစံပြုပုံစံနှင့်အညီ ချိန်ညှိဆောင်ရွက်ပါမည်။

MPC အတွက် CWG ၏ ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းတွင် အောက်ပါတို့ ပါဝင်သည် -

(၁) **လမ်းညွှန်ချက်နှင့် မဟာဗျူဟာ စာတမ်းကို ပြည့်စုံစွာ ရေးဆွဲပြုစုခြင်း**

- CWG သည် မြန်မာနိုင်ငံတွင် စုစည်းထားသော MPC နည်းလမ်းတစ်ခုကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်နှင့် မဟာဗျူဟာစာတမ်းကို အသေးစိတ်ရေးဆွဲပြုစုရန် တာဝန်ရှိပါသည်။ လက်ရှိစာတမ်းသည်လည်း MPC အကောင်အထည်ဖော်နေသည့် မိတ်ဖက်အဖွဲ့များအတွက် မရှိမဖြစ်လိုအပ်သော နည်းလမ်းများနှင့် အရင်းအမြစ်များကို ထောက်ပံ့ပေးပါလိမ့်မည်။

(၂) **MPC အတွက် 5Ws အချက်အလက်များကို စုဆောင်းခြင်း (မည်သူက၊ မည်သည့်လုပ်ငန်းကို၊ မည်သည့်နေရာတွင်၊ မည်သည့်အချိန်၌၊ မည်သူသို့ ဆောင်ရွက်သည်)**

- 5Ws အချက်အလက်စုဆောင်းခြင်းသည် မြန်မာနိုင်ငံရှိ MPC လုပ်ငန်း၏ လွှမ်းခြုံနယ်ပယ်နှင့် အတိုင်းအတာတို့ကို နားလည်စေရေးအတွက် အရေးကြီးပါသည်။ ထို့အတူပင် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက် (HNRP) ကဲ့သို့သော အနာဂတ်ကာလ အစီရင်ခံမှုများကိုလည်း ပံ့ပိုးကူညီပေးပါသည်။ 5Ws အချက်အလက်များသည် ကောင်းစွာ ပေါင်းစပ်ညှိနှိုင်းထားသော တုံ့ပြန်ရေးလုပ်ငန်းဖြစ်စေရန်နှင့် MPC သို့မဟုတ် အခြားအကူအညီအမျိုးအစားများနှင့် လုပ်ငန်းထပ်နေမှုများ သို့မဟုတ် လုပ်ငန်းပြတ်တောက်မှုများကို ရှောင်ရှားနိုင်ရန် ကူညီပေးသည်။
- အချက်အလက်များကို ActivityInfo မှတဆင့် မိတ်ဖက်အဖွဲ့များက ရရှိနိုင်အောင် ပြုလုပ်ပေးမည်ဖြစ်ပြီး၊ သတင်းအချက်အလက်မျှဝေရေးနှင့် ဝင်ရောက်ကြည့်ရှု အသုံးပြုခြင်းအတွက် လုံခြုံ

စိတ်ချရသော လမ်းကြောင်းတစ်ခုကို ထောက်ပံ့ပေးပါမည်။ CWG နှင့် အစုအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICCG) တို့ ပေါင်းစည်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီးအဆင့်နှစ်မျိုးလုံး၌ ကဏ္ဍအလိုက် ငွေကြေးအကူအညီများကို ပေါင်းစပ်ညှိနှိုင်းပေးရာတွင် CWG ၏ အခန်းကဏ္ဍကို တိုးတက်စေပါသည်။ အကူအညီမရရှိသေးသည့် နေရာများနှင့် အကူအညီကွာဟချက်များကို သတ်မှတ်ဖော်ထုတ်ရာတွင် အစုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ ဤပေါင်းစပ်ညှိနှိုင်းမှုမှာ ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီကို အသုံးပြုနေသည့် အရေးပေါ်ကာလရှေ့တန်းမှ တုံ့ပြန်ရေး (FLER) ကဲ့သို့သော အဖွဲ့စုများအထိ တိုးချဲ့သွားမည်ဖြစ်သည်။

(၃) **MPC အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ တည်ထောင်ခြင်း**

- CWG သည် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများ တိုးတက်စေရန်နှင့် ထိရှလွယ်မှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် သတင်းအချက်အလက်မျှဝေရေးကို အကျိုးပြုမည့် ပတ်ဝန်းကျင်တစ်ခုကို အထောက်အကူပြုရန်အတွက် MPC အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို တည်ထောင်ပါမည်။ MPC ပါဝင်ဆောင်ရွက်သူများအားလုံးကို ဤအထူးလုပ်ငန်းအဖွဲ့တွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန်နှင့် အကောင်းဆုံး အလေ့အထများနှင့် နည်းလမ်းများကို မျှဝေပေးကြရန် တိုက်တွန်းပါသည်။

- **လုပ်ငန်းဆောင်ရွက်မှုအဆင့် ပေါင်းစပ်ညှိနှိုင်းခြင်း**
  - လုပ်ငန်းထပ်နေမှုကိုရှောင်ရှားရန်နှင့် MPC၏ပမာဏနှင့် လက်လှမ်းမီကူညီနိုင်မှုကို တိုးတက် စေရန်အတွက် အဖွဲ့အစည်းများစွာတို့သည် တူညီသော ဒေသခံမိတ်ဖက်အဖွဲ့များကို အသုံးပြုကြသည်။
  - ဇုန်အဆင့် CWG များလုပ်ငန်းဆောင်ရွက်နေကြသည့် ရခိုင်ပြည်နယ်၊ အရှေ့မြောက်ပိုင်းဇုန်၊ အနောက်မြောက်ပိုင်းဇုန်နှင့် အရှေ့တောင်ပိုင်းဇုန်တို့တွင် ပေါင်းစပ်ညှိနှိုင်းရေးကို ပြည်နယ်/ဒေသကြီးအဆင့်အထိ တိုးချဲ့ဆောင်ရွက်ရန်မှာ ဒေသခံအဆင့် ပေါင်းစပ်ညှိနှိုင်းရေး အတွက်လည်းကောင်း၊ အထူးသဖြင့် တုံ့ပြန်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးနေသည့် ဒေသခံပါဝင်ဆောင်ရွက်သူများနှင့် ပေါင်းစပ်ညှိနှိုင်းရေးအတွက်လည်းကောင်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။
  - ဇုန်အဆင့် CWGs များသည် လိုအပ်ချက်များ၊ ထိခိုက်လွယ်မှုများနှင့်စပ်လျဉ်းသည့် အချက်အလက်များကိုလည်းကောင်း၊ ကျေးရွာ/စခန်းအလိုက် သီးသန့် 3Ws/5Ws အချက်အလက်များကိုလည်းကောင်း မျှဝေသွားရန် ဦးတည်ဆောင်ရွက်ပါမည်။
  - MPC အထူးလုပ်ငန်းအဖွဲ့သည် လုပ်ငန်းထပ်နေမှုများကို ပိုမိုရှောင်ရှားနိုင်ရေးအတွက် လည်းကောင်း၊ အထူးနံပါတ်များ (unique identifiers) သုံး၍ ကျေးရွာ သို့မဟုတ် အိမ်ထောင်စုအဆင့်တွင် ကဏ္ဍအလိုက်အကူအညီများနှင့် MPC အကူအညီများကို ပိုမိုနားလည်စေရေး အတွက်လည်းကောင်း ဘုံအသုံးပြုနိုင်သည့် ပူးတွဲ Platform/ Database စနစ်တစ်ခုကို အသုံးပြုနိုင်ရန် စူးစမ်းဆောင်ရွက်ပါမည်။ လုပ်ငန်းထပ်နေမှုရှောင်ရှားရေးလုပ်ငန်းများ သို့မဟုတ် Platform အသုံးပြုမှုတို့တွင် အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေမြင့်မားခြင်းကြောင့် ထိရှလွယ်သော အချက်အလက်များအား မျှဝေမှုကို အလွန်အမင်းသတိထား၍ ဆောင်ရွက်မည်ဖြစ်သည်။
- **စံချိန်စံညွှန်းများနှင့် နည်းလမ်းများ**
  - MPC ကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ၊ ဘုံနည်းလမ်းများနှင့်အညီ ဖြစ်နိုင်သမျှ ကိုက်ညီအောင် အကောင်အထည်ဖော်သွားရန် လုပ်ဆောင်ပါမည်။

- **ပြည်တွင်းနှင့်ဒေသခံပါဝင်ဆောင်ရွက်သူများအားလုံးပါဝင်စေခြင်း**
    - မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ ငွေကြေးအကူအညီအများစုတို့ကို ပြည်တွင်းနှင့်ဒေသခံ ပါဝင်ဆောင်ရွက်သူများက အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ထိုပါဝင်ဆောင်ရွက်သူများအား MPC အထူးလုပ်ငန်းအဖွဲ့တွင်တက်ကြွစွာ ပါဝင်ကြရန် တိုက်တွန်းပါသည်။ အထူးသဖြင့် ငွေကြေး နှင့် ဘောက်ချာအကူအညီ (CVA) ကို အရည်အသွေးမြင့်မားစွာ အကောင်အထည်ဖော်နိုင် ရေးအတွက် ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်ဟူသော စုပေါင်း ရည်ရွယ်ချက်တစ်ခုလည်း ရှိထားပါသည်။

## MPC ကို အကောင်အထည်ဖော်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အခြားသော အဓိကအချက်များ

### ဖြစ်နိုင်ခြေလေ့လာခြင်းနှင့် တုံ့ပြန်ရေးလုပ်ငန်းကို သရုပ်ခွဲဆန်းစစ်ခြင်း

#### MPC စီမံကိန်းတွင် ဈေးကွက်များ၏ အခန်းကဏ္ဍ

ဈေးကွက်များသည် ငွေကြေးအကူအညီစီမံကိန်းများအား ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်ရာတွင် အရေးကြီး သော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ထိုစီမံကိန်းများအား ဆောင်ရွက်ရန် ဖြစ်နိုင်ခြေမှာ မရှိမဖြစ်လိုအပ်သည့် ပစ္စည်း များကို လူအများဝယ်ယူနိုင်သော ဈေးနှုန်းများဖြင့် ထောက်ပံ့ရောင်းချပေးနိုင်မည့် ဈေးကွက်များအား လက်လှမ်းမီ နိုင်မှုအပေါ် မူတည်နေပါသည်။ မိတ်ဖက်အဖွဲ့အားလုံးတို့သည် စီမံကိန်းဆောင်ရွက်ရန် စီစဉ်ထားသည့် နေရာဒေသ များတွင် လက်လှမ်းမီသွားလာနိုင်မှု၊ ပစ္စည်းထောက်ပံ့ရောင်းချနိုင်မှု၊ ဈေးနှုန်းစသည့် ဒေသတွင်း ဈေးကွက်အခြေအနေ များကို သတိပြုရမည်ဖြစ်သည်။ MPC လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ရှိ ရပ်ရွာအသိုင်းအဝိုင်းအပေါ် မည်သည့် ထိခိုက်နစ်နာမှုမှ မဖြစ်ပေါ်စေရေးအတွက် ဤသို့သတိပြုမှုများမှာ အရေးကြီးပါသည်။

CWG သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် [(WFP)](), မြန်မာနိုင်ငံဈေးကွက်သရုပ်ခွဲဆန်းစစ်ရေးယူနစ် [(MAU)](), FLER Consortium နှင့် အခြားသော မိတ်ဖက်အဖွဲ့များအပါအဝင် အမျိုးမျိုးသော ဇာစ်မြစ်များမှ ဈေးကွက်အချက် အလက်များကို ရရှိနိုင်ရန် အရှိန်မြှင့်တင်ဆောင်ရွက်နေသည်။ ဤအချက်အလက်များကို လိုအပ်ပါက MEB မွမ်းမံ ပြင်ဆင်ရေးအတွက်လည်းကောင်း၊ ငွေကြေးအကူအညီစီမံကိန်းများအား ဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိမရှိကို မိတ်ဖက် အဖွဲ့များက ဆုံးဖြတ်ရာတွင် အထောက်အကူပြုပေးရန်လည်းကောင်း အသုံးပြုမည်ဖြစ်သည်။ ထို့အပြင် CWG သည် MPC အကောင်အထည်ဖော်နေသည့် မိတ်ဖက်အဖွဲ့များအတွက် အသုံးဝင်သော အချက်အလက်များအား စုဆောင်း ကောက်ယူပြီး သရုပ်ခွဲဆန်းစစ်နိုင်ရန်အတွက် ဈေးကွက်ပူးတွဲစောင့်ကြည့်လေ့လာခြင်းလုပ်ငန်း (JMMI) တစ်ခုကိုလည်း တည်ထောင်ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။

#### ဒေသန္တရဈေးကွက်များ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် အထူးသဖြင့် ပဋိပက္ခမြင့်မားသည့် နေရာဒေသများ သို့မဟုတ် သွားလာရေးအခက်အခဲရှိသည့် နေရာဒေသများရှိ စီမံကိန်းပါဝင်သူများအတွက် ဒေသန္တရအဆင့် သို့မဟုတ် ကျေးရွာအဆင့် ဈေးကွက်များက ပို၍ အရေးပါလာသည်။ ဈေးကွက်များသို့ လက်လှမ်းမီသွားလာနိုင်မှု၊ ပစ္စည်းဝယ်ယူနိုင်မှု၊ ပစ္စည်းရရှိနိုင်မှုတို့အား ပုံမှန်လေ့လာဆန်းစစ်နေရန် အရေးကြီးပါသည်။

#### ငွေကြေးအကူအညီစီမံကိန်းများအတွက် ဈေးကွက်နှင့်စပ်လျဉ်းသည့် အဓိကမေးခွန်းများ

မိတ်ဖက်အဖွဲ့တိုင်းသည် ငွေကြေးအကူအညီစီမံကိန်းတစ်ခုကို အကောင်အထည်မဖော်မီတွင် အနိမ့်ဆုံးအားဖြင့် ဈေးကွက်နှင့်စပ်လျဉ်း၍ ကျေးရွာ/စခန်းအဆင့်တွင် အောက်ပါမေးခွန်း (၃) ခုကို မေးမြန်းထားရမည်ဖြစ်သည် -

(၁) စီမံကိန်းတွင် ပါဝင်သူများ၏ လိုအပ်သည့် အခြေခံလိုအပ်ချက်များကို ဈေးကွက်အတွင်းတွင် ဝယ်ယူရရှိနိုင်ပါသလား?

(၂) အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများသည် ဈေးကွက်အားလုံးသို့ ဘေးကင်းလုံခြုံစွာ လက်လှမ်းမီ သွားရောက်နိုင်ပါသလား?

(၃) ဈေးနှုန်းများသည် လွှဲပြောင်းကူညီမှုတန်ဖိုးကို အသိပေးလမ်းညွှန်ထားသည့် MEB နှင့် ကိုက်ညီမှုရှိပါသလား။

## ဈေးကွက်များကို ပြည့်စုံစွာလေ့လာဆန်းစစ်ခြင်းနှင့် အန္တရာယ်ဖြစ်နိုင်ခြေသရုပ်ခွဲဆန်းစစ်ခြင်း

နေရာဒေသအသစ်တစ်ခုတွင် သို့မဟုတ် နောက်ခံအခြေအနေပြောင်းလဲသွားသည့် နေရာတစ်ခုတွင် MPC စီမံကိန်းကို ပထမဆုံးအကြိမ်စတင်မည်ဆိုပါက၊ ပိုမိုပြည့်စုံသည့် ဈေးကွက်လေ့လာဆန်းစစ်မှုများနှင့် အန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်မှုများကို ပြုလုပ်ရန်နှင့် ဆောင်ရွက်မည့် ငွေကြေးအကူအညီလုပ်ငန်းကို အထောက်အကူပြုရေးအတွက် ဈေးကွက်၏ စွမ်းဆောင်ရည်ကို ဆန်းစစ်ရန် အကြံပြုပါသည်။ ဤလုပ်ငန်းအတွက် အောက်ပါတို့အပါအဝင် နည်းလမ်းများစွာတို့ကို ရရှိနိုင်ပါသည် -

- **ဈေးကွက်အခြေအနေလေ့လာမှုနည်းလမ်း (Market Stoplight Tool)**

  ပေါ့ပါးသော ဈေးကွက်လေ့လာဆန်းစစ်မှုကို လျင်မြန်စွာ ပြုလုပ်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး၊ ငွေကြေးအကူအညီလုပ်ငန်း၏ ဖြစ်နိုင်ခြေကို ဆုံးဖြတ်ရန်အတွက် သီးသန့်စီမံကိန်း သို့မဟုတ် တုံ့ပြန်ရေးလုပ်ငန်းအမျိုးအစားအလိုက် လွယ်ကူစွာဖြင့် လိုက်လျောညီထွေ ပြောင်းလဲ ဆောင်ရွက်နိုင်သည်။ ဤနည်းလမ်းကို မြန်မာဘာသာသို့ ပြန်ဆိုထားပြီးဖြစ်သည်။

- **ဈေးကွက်စောင့်ကြည့်လေ့လာခြင်းနည်းလမ်း (Market Monitoring Tool)**

  MPCA စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းနည်းလမ်းစု၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဤနည်းလမ်းသည် အခြေခံအားဖြင့် လိုအပ်သည့် အဓိကပစ္စည်းများ၏ ဈေးနှုန်းများကိုလည်းကောင်း၊ ဈေးကွက်အတွင်း ပစ္စည်းရောင်းချထောက်ပံ့နိုင်မှုနှင့်စပ်လျဉ်းသည့် ယေဘုယျ ပြဿနာများကို လည်းကောင်း စောင့်ကြည့်လေ့လာရာတွင် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။

- **Cashhub/Red Cross ၏ အရေးပေါ်ကာလငွေကြေးအကူအညီဆိုင်ရာ နည်းလမ်းစု (Cashhub/Red Cross Cash in Emergencies Toolkit)**

  ဤနည်းလမ်းစုတွင် မိမိ အဖွဲ့အစည်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဈေးကွက် လေ့လာဆန်းစစ်ရေးနည်းလမ်းများ ပါဝင်သည်။

## MPC အကူအညီပေးအပ်ရာတွင် ငွေကြေးဝန်ဆောင်မှုပေးသူများ (FSPs) ၏ အခန်းကဏ္ဍ

ငွေကြေးဝန်ဆောင်မှုပေးသူများ (FSPs) သည် MPC အကူအညီပေးအပ်ရာတွင် ဒီဂျစ်တယ်ငွေကြေး သို့မဟုတ် ငွေသားကို ရရှိနိုင်အောင် ပြုလုပ်ပေးခြင်းဖြင့် အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသည်။ နိုင်ငံလွှမ်းခြုံအဆင့် ဘဏ္ဍာရေးအခြေအနေ၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ အရေးယူပိတ်ဆို့မှုများ၊ အင်တာနက်/မိုဘိုင်းဖုန်းလွှမ်းခြုံမှု၊ ဝန်ဆောင်မှု/ကုန်ကျစရိတ်ဆိုင်ရာ သက်ရောက်မှုများ၊ စီမံကိန်းတွင် ပါဝင်သူများက လိုလားနှစ်သက်သည့် အကူအညီပေးအပ်ရေးပုံစံစသည်တို့ကို ပိုမိုနားလည်စေရန်နှင့် အကဲဖြတ်နိုင်ရန်အတွက် FSP လေ့လာဆန်းစစ်မှုကို ပြုလုပ်ရန် အကြံပြုပါသည်။

## သင့်လျော်သော ငွေကြေးလွှဲပြောင်းကူညီရေးလုပ်ငန်းစဉ်ကို ရွေးချယ်ခြင်း

ငွေကြေးလွှဲပြောင်းကူညီမှုဆောင်ရွက်ရေးအတွက် သင့်တော်သော လုပ်ငန်းစဉ်ကို ရွေးချယ်ခြင်းမှာ MPC အကောင်အထည်ဖော်ရာတွင် အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခုဖြစ်သည်။ ဤသို့ရွေးချယ်ရာတွင် အချက်များစွာတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည် -

- စီမံကိန်းတွင် ပါဝင်သူများ၏ လိုလားနှစ်သက်မှု
- ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး
- ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံယူမှု
- ငွေသားအဖြစ် ပြောင်းလဲနိုင်မှုနှင့် လမ်းလှမ်းမီရောက်ရှိနိုင်သည့် နေရာဒေသ
- အကူအညီလက်ခံရရှိသူအား စိစစ်ဖော်ထုတ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ
- ရရှိနိုင်သော ဝန်ဆောင်မှုများ
- မသန်စွမ်းသူများက လက်လှမ်းမီရရှိနိုင်မှု
- ဆက်စပ်ကုန်ကျစရိတ်များ

ငွေကြေးဝန်ဆောင်မှုပေးသူအမျိုးမျိုးတို့အား ဆုံးရှုံးနိုင်ခြေလေ့လာဆန်းစစ်မှုအပါအဝင် အသေးစိတ် လေ့လာဆန်းစစ်မှု တစ်ခုပြုလုပ်ခြင်းသည် မိမိအဖွဲ့အစည်းအား မှန်ကန်သော လုပ်ငန်းစဉ်ကို ရွေးချယ်နိုင်ရန် ကူညီပေးပါသည်။ FSP များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် စီမံကိန်းတွင် ပါဝင်သူများသို့ တိုက်ရိုက်လွှဲပြောင်းကူညီပေးခြင်းဖြင့်ဖြစ်စေ၊ မိတ်ဖက်အဖွဲ့များမှ ဝန်ထမ်းများက ပံ့ပိုးကူညီပေးခြင်းဖြင့်ဖြစ်စေ ငွေကြေးအကူအညီများ ဖြန့်ဝေရာတွင် ထိရောက်မှုကို ပိုမိုတိုးတက်စေပါသည်။

## "အကူအညီပေးရာတွင် ပါဝင်ဆောင်ရွက်သူများက မြန်မာနိုင်ငံရှိ ငွေရေးကြေးရေးလုပ်ငန်းပုံစံများကို အသုံးပြုခြင်း" အစီရင်ခံစာကို လေ့လာခြင်း

မိတ်ဖက်အဖွဲ့များအနေဖြင့် "အကူအညီပေးရာတွင် ပါဝင်ဆောင်ရွက်သူများက မြန်မာနိုင်ငံရှိ ငွေရေးကြေးရေး လုပ်ငန်း ပုံစံများကို အသုံးပြုခြင်း (Aid Actor Use of Financial Modalities in Myanmar)" ခေါင်းစဉ်ဖြင့် ထုတ်ဝေထားသည့် အစီရင်ခံစာကို လေ့လာကြည့်ရန် CWG တိုက်တွန်းပါသည်။ ဤစာတမ်းသည် မြန်မာနိုင်ငံရှိ MPC ပါဝင်ဆောင်ရွက် သူများက ရရှိအသုံးပြုနိုင်သည့် FSP နည်းလမ်းအမျိုးမျိုးတို့ကို အကျဉ်းချုပ်၍ ဖော်ပြထားပြီး၊ လုပ်ငန်းစဉ် တစ်လျှောက် လုံးတွင် စည်းကမ်းလိုက်နာစေရေးနှင့် ဆုံးရှုံးနိုင်ခြေကိုထိရောက်စွာ စီမံခန့်ခွဲရေးအတွက် template ပုံစံတစ်ခုလည်း ပူးတွဲပါဝင်သည်။

## အကူအညီလက်ခံရရှိသူ၏ အချက်အလက်များ ဘေးကင်းလုံခြုံစေရေး

စီမံကိန်းတွင်ပါဝင်သူများသို့ ငွေကြေးအကူအညီတိုက်ရိုက်ဖြန့်ဝေပေးရန်အတွက် FSPs များကို အသုံးပြုပါက၊ အကူ အညီ လက်ခံရရှိသူ၏ အချက်အလက်များ ဘေးကင်းလုံခြုံစေရန်မှာ အရေးအကြီးဆုံးအချက်ဖြစ်သည်။ မည်သူမည်ဝါ မှန်းဖော်ထုတ်သိရှိနိုင်သည့် အချက်အလက်များကို စုဆောင်းကောက်ယူခြင်း၊ ထိန်းသိမ်းထားခြင်းနှင့် အသုံးပြုခြင်းတို့ တွင် အချက်အလက်လုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးလွတ်လပ်လုံခြုံမှုသေချာစေရေးအတွက် FSPs များနှင့် ဆွေးနွေးရ ပါမည်။

## လွှပ်လပ်သော ငွေကြေးဝန်ဆောင်မှုပေးသူများကို ပိုမိုအသုံးပြုခြင်း

**လွှပ်လပ်သော** ငွေကြေးဝန်ဆောင်မှုပေးသူများ (Informal FSPs) ကို တခါတရံတွင် အသုံးပြုမှုနည်းပါးပြီး၊ မျက်စိလျှမ်းနေတတ်သည်။ ဤဝန်ဆောင်မှုပေးသူများကို အသုံးပြုခြင်းကြောင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို

အရှိန်မြှင့်တင်ရန်နှင့် FSP များနှင့် အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့များအကြားတွင် ယုံကြည်မှုတည်ဆောက်ကြရန်အတွက် တီထွင်ဆန်းသစ် စဉ်းစားကြရန် မိတ်ဖက်အဖွဲ့များအား တိုက်တွန်းပါသည်။ မိတ်ဖက်အဖွဲ့များက FSP များကို အသုံးပြုရာတွင် ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုကို ခွင့်ပြုပေးရန်နှင့် ထပ်တိုးဝန်ဆောင်မှုကြေးများကိုလည်း လွှမ်းခြုံထောက်ပံ့ပေးရန် အလှူရှင်များအား တိုက်တွန်းပါသည်။

**CWG မှ အထောက်အကူပြုပေးခြင်း**

မိတ်ဖက်အဖွဲ့များသည် FSP ရွေးချယ်ရန်နည်းလမ်းများကို ရှာဖွေရာတွင် အကူအညီလိုအပ်ပါက၊ ဖြစ်နိုင်သော ဖြေရှင်းနည်းများကို စူးစမ်းရှာဖွေရန်နှင့် အထောက်အကူပြုပေးရန်အတွက် CWG က ကူညီပေးသွားမည်ဖြစ်သည်။ လက်ရှိတွင် အချက်အလက်ဆိုင်ရာ ထိရှလွယ်မှုများရှိနေခြင်းကြောင့် FSPs များအား သမားရိုးကျနည်းလမ်းဖြင့် ပြည့်စုံစွာ မြေပုံဆွဲလေ့လာရန် မဖြစ်နိုင်သေးပါ။ ကြားကာလအနေဖြင့် ဖုန်အဆင့် CWGများက မိတ်ဖက်အဖွဲ့များထံမှ FSP အချက်အလက်များကို စုဆောင်းသွားမည်ဖြစ်ပြီး၊ ယင်းအချက်အလက်များကို ဒေသန္တရအဆင့်အထိ မျှဝေပေးသွားပါမည်။ CWG သည် FSPs များအား အသုံးပြုခြင်း၏ ဆုံးရှုံးနိုင်ခြေများကို လေ့လာဆန်းစစ်ရာတွင်လည်း ကူညီပေးသွားမည်ဖြစ်ပြီး၊ နိုင်ငံအဆင့် နောက်ခံအခြေအနေ ပြောင်းလဲမှုများကို အဖွဲ့ဝင်များသို့ ပုံမှန် တင်ပြသွားပါမည်။

## MPC စီမံကိန်းများအတွက် ငွေကြေးနှင့် ဘောက်ချာအကူအညီ (CVA) ဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း

မြန်မာနိုင်ငံတွင် MPC စီမံကိန်းများ၏ အရည်အသွေးတိုးတက်စေရေးအတွက်၊ မိတ်ဖက်အဖွဲ့များက စံပြုလုပ်ထုံးလုပ်နည်းများ (SOPs) ကို ရေးဆွဲကြရန် အကြံပြုပါသည်။ ဤ SOPs များသည် စီမံကိန်းများအား သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်စေရန် ကူညီပေးပါလိမ့်မည်။ မိတ်ဖက်အဖွဲ့များသည် MPC နှင့် CVA အတွက် နည်းပညာဆိုင်ရာ အဓိကအချက်များအပါအဝင် အကောင်းဆုံးအလေ့အထများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိအောင် ပြုလုပ်ထားရန်လည်း အရေးကြီးပါသည်။

**မိမိအဖွဲ့အစည်းအတွက် SOPs များကို မူကြမ်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အဓိကနယ်ပယ်များ**

### (၁) ငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများ (FSP) ၏ ထောက်ပံ့ဖြည့်ဆည်းနိုင်မှု

FSP နှင့် ပူးတွဲလုပ်ကိုင်မည့် အဆင့်များပါဝင်ပြီး၊ အကူအညီဖြန့်ဝေသည့် နေရာနှင့် တတ်နိုင်သမျှ အနီးဆုံးနေရာတွင်ဖြစ်စေ သို့မဟုတ် စီမံကိန်းတွင် ပါဝင်သူများသို့ တိုက်ရိုက်ဖြစ်စေ ရန်ပုံငွေများအား လွှဲပြောင်းကူညီသည့် လုပ်ငန်းစဉ်ကို အသေးစိတ်ဖော်ပြပါ။

### (၂) စီမံကိန်းတွင် ပါဝင်သူများကို ကြိုတင်၍ အသိပေးခြင်း

စီမံကိန်းတွင် ပါဝင်ရန် ရွေးချယ်ခံထားရသူများကို အကူအညီဖြန့်ဝေမှုအတွက်အသေးစိတ်အချက်များ၊ အချိန်ဇယား၊ အကူအညီလက်ခံရရှိသူ၏ အသေးစိတ်အချက်များ၊ သတ်မှတ်ထားသည့် ပမာဏတို့ အကြောင်းကို နားလည်လွယ်သော ဘာသာစကားကို အသုံးပြု၍ လက်လှမ်းမီရရှိနိုင်သည့် နည်းလမ်းများဖြင့် အသိပေးပြောကြားမည့် အဆင့်များ ပါဝင်ရမည်။

### (၃) ဒေသခံဆုံးဖြတ်ချက်ချမှတ်သူများ/အာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း

ဝင်ရောက်ကူညီရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာ ဒေသခံဆုံးဖြတ်ချက်ချမှတ်သူများ/ အာဏာပိုင်များနှင့် သင့်လျော်သကဲ့သို့ ပူးပေါင်းဆောင်ရွက်ပါ။

### (၄) ဖြန့်ဝေရေးနေရာ၏ ဘေးကင်းလုံခြုံရေးနှင့် လက်လှမ်းမီသွားလာနိုင်ရေး

ဖြန့်ဝေရေးနေရာသည် ဘေးကင်းလုံခြုံ၍ လွယ်ကူစွာ ဝင်ရောက်သွားလာနိုင်ကြောင်း သေချာစေရမည်။ နေရောင်ခြည်နှင့် မိုးရေ တိုက်ရိုက်ကျရောက်မှုမှ ကာကွယ်ပေးထားသည့် သင့်တော်သော စောင့်ဆိုင်းရန် နေရာများကို ထောက်ပံ့ပေးထားရမည်။ မသန်စွမ်းသူများ သို့မဟုတ် ဖြန့်ဝေရေးနေရာသို့ လာရောက်နိုင်စွမ်းမရှိသူများအတွက် အထူးအစီအစဉ်များကို အသေးစိတ်ထည့်သွင်းပါ။

### (၅) အချက်အလက်လုံခြုံရေး

မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဝေရေးဆိုင်ရာ အချက်အလက်များအပါအဝင် စီမံကိန်းတွင် ပါဝင်သူများ၏ ထိရှလွယ်သော အချက်အလက်များအား ကိုင်တွယ်ရာတွင် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် လျှော့ချရေးနည်းလမ်းများကို အသေးစိတ်ဖော်ပြပါ။

### (၆) ထိခိုက်လွယ်အုပ်စုများကို ဦးစားပေးခြင်း

သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကလေးငယ်ပါရှိသည့် ကိုယ်ဝန်ဆောင်မိခင်များကို စောင့်ဆိုင်းချိန် အနည်းဆုံးဖြစ်စေရန် ဦးစားပေးပါ။ သယ်ယူပို့ဆောင်ရေးအခက်အခဲရှိနေသည့် အိမ်ထောင်စုများအတွက် လိုက်လျောညီထွေဖြစ်စေမည့် နည်းလမ်းများကို စဉ်းစားပေးပါ။

### (၇) တိုင်ကြားခြင်းနှင့် အကြံပြုချက်ပေးခြင်းလုပ်ငန်းစဉ်တည်ထောင်ခြင်း

တိုင်ကြားချက်များနှင့် အကြံပြုချက်များကို လက်ခံနိုင်ရန်အတွက် အားလုံးက လက်လှမ်းမီအသုံးပြုနိုင်သော သီးသန့်စနစ်တစ်ခုကို တည်ထောင်ပါ။ ဤစနစ်တွင် ရပ်ရွာပြည်သူများအတွက် အကူအညီစင်တာ (help desk) သို့မဟုတ် ဆက်သွယ်ရန် အထူးဖုန်းလိုင်းတစ်လိုင်း ထောက်ပံ့ပေးခြင်းလည်း ပါဝင်နိုင်သည်။

### (၈) ဖြန့်ဝေမှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အတည်ပြုခြင်း

တိုက်ရိုက်ဝင်ရောက်သွားလာရန် အကန့်အသတ်များရှိနေခြင်းကြောင့် မိတ်ဖက်အဖွဲ့များသည် ဇာစ်မြစ်အမျိုးမျိုးတို့မှ ဖြန့်ဝေရေးဆိုင်ရာ အချက်အလက်များကို အတည်ပြုရမည်ဖြစ်သည်။ ဤအချက် အလက်များတွင် ဖြန့်ဝေရေးကို စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်နိုင်ခဲ့ခြင်းရှိမရှိအား အတည်ပြုနိုင်ရန်အတွက် တိုက်ဆိုင်စစ်ဆေးရမည့် အသေးစိတ်အချက်အလက်များလည်း ပါဝင်သည်။ အောင်မြင်မှုများ၊ အခက်အခဲများ၊ ထုတ်နုတ်ရရှိသည့် သင်ခန်းစာများအပါအဝင် ဖြန့်ဝေမှုကို စောင့်ကြည့်စစ်ဆေးသည့် ပုံစံစာရွက်များအား ဖြည့်သွင်းနိုင်ရန်အတွက် ဒေသခံမိတ်ဖက်အဖွဲ့များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရပါမည်။

အထက်ပါအချက်များမှာ SOP တစ်ခုတွင် ပါဝင်ရမည့် အသေးစိတ်အချက်အချို့အတွက် ဥပမာများဖြစ်သည်။ မိမိအဖွဲ့အစည်းက အကောင်အထည်ဖော်နေသည့်ပုံစံနှင့် ကိုက်ညီစေရန် ဤအချက်များကို လိုက်လျောညီထွေ ပြောင်းလဲအသုံးပြုသင့်သည်။ မိတ်ဖက်အဖွဲ့များသည် မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းအတွက် templateပုံစံ Myanmar Cash SOP Template ကိုလည်း ရည်ညွှန်းကိုးကားအသုံးပြုနိုင်ပြီး၊ လိုအပ်ပါက လိုက်လျောညီထွေ ပြောင်းလဲအသုံးပြုနိုင်သည်။

## ဘေးဒဏ်ခံပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံယူခြင်း

### အန္တရာယ်ဖြစ်နိုင်ခြေသရုပ်ခွဲဆန်းစစ်ခြင်းနှင့် အန္တရာယ်ဖြစ်နိုင်ခြေပြဇယား

CVA စီမံကိန်းများအားလုံးသည် အန္တရာယ်ဖြစ်နိုင်ခြေပြဇယားတစ်ခုကို ရေးဆွဲပြင်ဆင်ထားသင့်သည်။ Cashhub/Red Cross ၏ အရေးပေါ်ကာလငွေကြေးအကူအညီဆိုင်ရာ နည်းလမ်းစုစည်းမှု (**Cashhub/Red Cross Cash in Emergencies Toolkit**) တွင်လည်း templateပုံစံတစ်ခုကို ရရှိနိုင်သည်။ မိတ်ဖက်အဖွဲ့များသည် မိမိတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပုံစံများ မရှိပါက ဤtemplateပုံစံကို အသုံးပြုနိုင်သည်။ မိတ်ဖက်အဖွဲ့များသည် မိမိတို့၏ စီမံကိန်းများအတွက်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်နေသည့် နေရာဒေသများအတွက်လည်းကောင်း အန္တရာယ် ဖြစ်နိုင်ခြေများကို သတ်မှတ်ဖော်ထုတ်၍ သင့်တော်သော လျှော့ချရေးနည်းလမ်းများကို ဖော်ထုတ်ထားကြရန် အကြံပြုလိုပါသည်။

## စီမံကိန်းတွင် ပါဝင်သူများနှင့် ရပ်ရွာပြည်သူများသို့ သတင်းစကားပေးပို့ခြင်း

မိတ်ဖက်အဖွဲ့များသည် လျာထားချက်သတ်မှတ်ခြင်းနှင့် လွှဲပြောင်းကူညီမှုတန်ဖိုးများအတွက် ရှင်းပြချက်များ၊ ကြောင်းကျိုးဖော်ပြချက်များအပါအဝင် MPC နှင့် စီမံကိန်းရည်ရွယ်ချက်များနှင့် စပ်လျဉ်းသည့် အသေးစိတ် သတင်းစကားများကို ရပ်ရွာပြည်သူများသို့ ပေးပို့ရပါမည်။ သတင်းစကားပေးပို့ခြင်းကို ဒေသခံဘာသာစကားဖြင့် ပြုလုပ်၍ အခြားမိတ်ဖက်အဖွဲ့များနှင့် သင့်လျော်သကဲ့သို့ ချိန်ညှိ၍ ဆောင်ရွက်ရမည်။

## ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်ဘေးကင်းလုံခြုံစေရေး၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးခြင်း (SEA) နှင့် ကျားမအခြေပြုအကြမ်းဖက်မှု (GBV) ဖော်ထုတ်ဖြေရှင်းခြင်းကို လုပ်ငန်းတိုင်းတွင် ထည့်သွင်းပါဝင်စေခြင်း

ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်ဘေးကင်းလုံခြုံစေရေး၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးခြင်း (SEA) ကို ဖော်ထုတ်ဖြေရှင်းခြင်း၊ ကျားမအခြေပြုအကြမ်းဖက်မှု (GBV) ဖော်ထုတ်ဖြေရှင်းခြင်းတို့ကို လုပ်ငန်းတိုင်းတွင် ထည့်သွင်းပါဝင်စေခြင်းသည် CVA ကို ဘေးကင်းလုံခြုံ၍ တာဝန်ခံမှုရှိစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးကြီးပါသည်။ CWG သည် GBV တာဝန်ခံနယ်ပယ် (GBV AoR) နှင့် ပူးပေါင်း၍ "CVA လုပ်ငန်းတွင် GBV ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း"ဟူသော စာတမ်းတစ်စောင်ကို ပြုစုထားပြီး၊ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် လိုက်လျောညီထွေပြင်ဆင်ထားသည်။ GBV အတွက် သီးသန့် အကြံပြုချက်များစွာတို့သည် စီမံကိန်း ဆောင်ရွက်ရာတွင် ဘေးကင်းလုံခြုံမှုနှင့် တာဝန်ခံမှုတိုးတက်စေရေးနှင့် ကျယ်ပြန့်စွာ သက်ဆိုင်နေပါသည်။ CWG သည် အိမ်ထောင်စုအတွင်း ငွေကြေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပဋိပက္ခအရွေ့များအပါအဝင် MPC ၏ သက်ရောက်မှုများကိုလည်း လေ့လာဆန်းစစ်သွားမည်ဖြစ်သည်။

## တိုင်ကြားခြင်းနှင့် အကြံပြုချက်ပေးခြင်း လုပ်ငန်းစဉ်များ

ထိရောက်သော တိုင်ကြားခြင်းနှင့် အကြံပြုချက်ပေးခြင်းလုပ်ငန်းစဉ် (CFM) များသည် တာဝန်ခံမှုရှိသော စီမံကိန်းဆောင်ရွက်မှုကို ကူညီပေးပြီး၊ သင်ခန်းစာထုတ်နုတ်ရယူရန်နှင့် တိုးတက်အောင်ပြုပြင်ရန် အခွင့်အလမ်းများကို ထောက်ပံ့ပေးသည်။ ကိုယ်ပိုင် CFM စနစ်မရှိသေးသည့် အဖွဲ့အစည်းများအတွက် MPC နည်းလမ်းစုတွင် ပါဝင်သည့် အကြံပြုချက်ပေးရန် template ပုံစံကို အသုံးပြုရန် အကြံပြုပါသည်။ ဤပုံစံသည် အကြံပြုချက်နှင့် စိုးရိမ်မှု အမျိုးအစားများကို အဆင့်သတ်မှတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပြဿနာများကို ခြေရာခံဖြေရှင်းပေးခြင်း၊ နောက်ဆက်တွဲအရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းတို့အတွက် အသုံးဝင်ပါသည်။ အချို့သော အကြံပြုချက်များသည် PSEA, ကလေးသူငယ်ဘေးကင်းလုံခြုံစေရေး၊ လိမ်လည်မှုနှင့် အဂတိလိုက်စားမှု၊ လုံခြုံရေးစသည်တို့နှင့် ဆက်စပ်နေသည့် ပြဿနာများပါဝင်ပြီး ထိရှလွယ်မှုရှိခြင်းကြောင့်၊ ဤပြဿနာရပ်များကို ကာကွယ်စောင့်ရှောက်ရေးရှုထောင့်မှ အနီးကပ်ကြည့်၍ ဖြေရှင်းပေးနိုင်ရေးအတွက် မူဝါဒများ အသင့်ရှိထားရန် အရေးကြီးပါသည်။

## နောက်ဆက်တွဲ (၁) အဓိကညွှန်းကိန်းများနှင့် ကဏ္ဍအလိုက် ညွှန်းကိန်းများစာရင်း

**အဓိကညွှန်းကိန်းများ** (မဖြစ်မနေအသုံးပြုရန်မဟုတ်ဘဲ၊ ရည်ညွှန်းကိုးကားရန်အတွက်သာ)

### ကဏ္ဍအမည် - ကာကွယ်စောင့်ရှောက်ရေးကိုလုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်း

- **ညွှန်းကိန်း** - လူသားချင်းစာနာမှုအကူအညီကို ဘေးကင်းလုံခြုံသော၊ အလွယ်တကူ လက်လှမ်းမီရရှိနိုင်သော၊ တာဝန်ခံမှုရှိသော၊ ပူးပေါင်းပါဝင်သော နည်းလမ်းတစ်ခုဖြင့် ပေးအပ်သည်ဟု အစီရင်ခံထားသည့် (ကျား၊မ၊ အသက်အရွယ်နှင့် မသန်စွမ်းမှုအလိုက် ခွဲခြားထားသည့်) အကူအညီလက်ခံရရှိသူ ရာခိုင်နှုန်း

### ကဏ္ဍအမည် - အသုံးစရိတ်

- **ညွှန်းကိန်း** - MEB တွင်ပါဝင်သည့် ကဏ္ဍအလိုက် အစိတ်အပိုင်းများ/ပမာဏများနှင့် နှိုင်းယှဉ်ထားသည့် ကဏ္ဍအလိုက် လစဉ်စုစုပေါင်းအသုံးစရိတ်များ
- **ညွှန်းကိန်း** - လစဉ်စုစုပေါင်းအသုံးစရိတ်သည် MEB ထက်ကျော်လွန်နေသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

### ကဏ္ဍအမည် - အမျိုးသမီးများက ဆုံးဖြတ်ချက်ချမှတ်ခြင်း

- **ညွှန်းကိန်း** - ငွေကြေးအကူအညီကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများက ပါဝင်ဆုံးဖြတ်သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - ငွေကြေးအကူအညီကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများက ပါဝင်ဆုံးဖြတ်သည့် အကြိမ်ရေ

### ကဏ္ဍအမည် - အခြေခံလိုအပ်ချက်များ

- **ညွှန်းကိန်း** - မိမိတို့ကိုယ်တိုင် ဖွင့်ဆိုပြီး ဦးစားပေးအဖြစ် သတ်မှတ်ထားသော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းရှိသည်ဟု အစီရင်ခံထားသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - အမျိုးအစားအလိုက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းရှိသည်ဟု အစီရင်ခံထားသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

### ကဏ္ဍအမည် - အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများ (LCS)

- **ညွှန်းကိန်း** - အရေးကြီးသော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများ (LCS) ကို ကျင့်သုံးနေရသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း (ပြင်းထန်မှုအလိုက် - အသုံးမပြု/ဖိစီးမှုရှိသည်/ အကျပ်အတည်း/ အရေးပေါ်ကာလ)

**ကဏ္ဍအလိုက်သီးသန့်ညွှန်းကိန်းများ** (မဖြစ်မနေအသုံးပြုရန်မဟုတ်ဘဲ၊ ရည်ညွှန်းကိုးကားရန်အတွက်သာ)

### ကဏ္ဍအမည် - ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

- **ညွှန်းကိန်း** - (ငွေရေးကြေးရေးအခက်အခဲကြောင့်) အိမ်ထောင်စုအတွင်းမှ ကလေးသူငယ်တစ်ဦးထက် မနည်းသည် ကလေးလုပ်သားအဖြစ် လုပ်ကိုင်နေရပြီး MPC အကူအညီကို လက်ခံရရှိနေသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

- **ညွှန်းကိန်း** - (ငွေရေးကြေးရေးအခက်အခဲကြောင့်) (အလုပ်နှင့်ဆက်စပ်၍ ရွှေ့ပြောင်းသွားလာရခြင်း အပါအဝင်) ကလေးသူငယ်အား ပြုစုစောင့်ရှောက်သူနှင့် ခွဲထားရကြောင်း အစီရင်ခံသည့် အိမ်ထောင်စုများ ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - (ငွေရေးကြေးရေးအခက်အခဲကြောင့်) MPC အကူအညီကို လက်ခံရရှိနေစဉ် ကာလအတွင်းတွင် ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု ရှိခဲ့ကြောင်း (ကျားမအားဖြင့်လည်းကောင်း၊ အသက် ၁၈ နှစ်မပြည့်မီ၊ အသက် ၁၅ နှစ်မပြည့်မီအချိန်ဖြင့်လည်းကောင်း ခွဲခြားဖော်ပြရန်) အစီရင်ခံသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

**ကဏ္ဍအမည် - ပညာရေး**

- **ညွှန်းကိန်း** - ပညာသင်ကြားရန် ကျောင်းအပ်နှံခဲ့သည့် ကျောင်းနေအရွယ်ကလေးသူငယ်များ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - သတ်မှတ်ကာလတစ်ခုအတွင်းတွင် ပညာသင်ကြားရန် ကျောင်းတက်နေသည့် ကျောင်းနေအရွယ် ကလေးသူငယ်များ၏ ရာခိုင်နှုန်း

**ကဏ္ဍအမည် - စားနပ်ရိက္ခာဖူလုံရေး**

- **ညွှန်းကိန်း** - အစားအစာ စားသုံးနိုင်မှုရမှတ် (Food Consumption Score) အဆင့်အလိုက် (အဆင့်နိမ့်၊ အလယ်အလတ်၊ လက်ခံနိုင်) ခွဲခြားထားသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းကို လျှော့ချနိုင်မှုညွှန်းကိန်း (rCSI) ၏ ပျမ်းမျှကိန်း **သို့မဟုတ်** rCSI ၏ သမတ်ကိန်းနှင့် အလယ်ကိန်းတို့ တိုးတက်လာခဲ့သည့် အကူအညီလက်ခံရရှိသူများ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - အိမ်ထောင်စုအဆင့် ဆာလောင်မှုအတိုင်းအတာ (Household Hunger Scale) ရမှတ်တွင် အလယ်အလတ်နှင့် ပြင်းထန်မှုရှိနေသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

**ကဏ္ဍအမည် - ကျန်းမာရေး**

- **ညွှန်းကိန်း** - ကျန်းမာရေးဝန်ဆောင်မှုရယူရန်လိုအပ်သည့် နာမကျန်းမှု သို့မဟုတ် ကျန်းမာရေး ပြဿနာတစ်ခုခု ရှိနေချိန်တွင် ငွေရေးကြေးရေးအခက်အခဲများကြောင့် ကျန်းမာရေးစောင့်ရှောက်မှု မရယူနိုင်ခဲ့သည့် သို့မဟုတ် ရယူရန် နှောင့်နှေးခဲ့ရသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - ကျန်းမာရေးအတွက် အသုံးစရိတ် အကြီးအကျယ်သုံးစွဲခဲ့ရသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

**ကဏ္ဍအမည် - အသုံးအဆောင်ပစ္စည်း**

- **ညွှန်းကိန်း** - သက်တောင့်သက်သာအိပ်စက်နိုင်ခြင်း၊ ရေနှင့် စားနပ်ရိက္ခာသိုလှောင်မှု၊ အစားအစာ ပြင်ဆင်ခြင်း၊ ချက်ပြုတ်ခြင်း၊ စားသောက်ခြင်း၊ မီးထွန်းခြင်း၊ အဝတ်အစားစသည်တို့အားလုံးကို လုပ်ဆောင်နိုင်ရန်အတွက် အနိမ့်ဆုံးလိုအပ်သည့် အိမ်ထောင်စုသုံးပစ္စည်းများ ပိုင်ဆိုင်ထားသည်ဟု အစီရင်ခံသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

**ကဏ္ဍအမည် - အာဟာရ**

- **ညွှန်းကိန်း** - အိမ်ထောင်စုအဆင့် အစားအစာမျိုးစုံလင်မှုရမှတ် (HDDS)
- **ညွှန်းကိန်း** - အမျိုးသမီးများအတွက် အနိမ့်ဆုံးစားသုံးရမည့် အစားအစာမျိုးစုံလင်မှု (MDD-W) - လွန်ခဲ့သောရက်အတွင်းတွင် အစားအစာအုပ်စု (၅) မျိုးနှင့်အထက် စားသုံးခဲ့သည့် အသက် (၁၅) နှစ်မှ (၄၉) နှစ်ကြားရှိ အမျိုးသမီးများ၏ ရာခိုင်နှုန်း

- **ညွှန်းကိန်း** - အသက် (၆) လမှ (၂၃) လအကြားရှိ ကလေးသူငယ်များအတွက် အနိမ့်ဆုံးစားသုံးရမည့် အစားအစာမျိုးစုံလင်မှု (MDD-Ch) - လွန်ခဲ့သော ရက်အတွင်းတွင် စားနပ်ရိက္ခာဖူလုံရေးအဖွဲ့များက သတ်မှတ်ဖွင့်ဆိုထားသည့် အစားအစာနှင့် အရည် (၈) မျိုးအနက် (၅) မျိုးထက်မနည်းကို စားသောက်ခဲ့သည့် အသက် (၆) လမှ (၂၃) လအကြားရှိ ကလေးသူငယ်များ၏ ရာခိုင်နှုန်း

## ကဏ္ဍအမည် - ခိုလှုံစရာနှင့် အခြေချနေထိုင်မှုများ

- **ညွှန်းကိန်း** - လုံလောက်သော နေရာ၊ ဘေးကင်းလုံခြုံသော ခံစားချက်၊ ပုဂ္ဂိုလ်ရေးလွတ်လပ်လုံခြုံမှု၊ ရာသီဥတုဒဏ်မှ ကာကွယ်ပေးခြင်းစသည်တို့အားလုံး ပြည့်စုံစွာ ရှိနေသည့် နေထိုင်စရာတစ်ခုတွင် နေထိုင်သည်ဟု အစီရင်ခံသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - ငွေရေးကြေးရေးအကြောင်းပြချက်များကြောင့် မိမိတို့၏ နေထိုင်စရာနေရာမှ ထွက်ခွာသွားရန် ဖိအားများရှိနေသည်ဟု အစီရင်ခံသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - မိမိတို့၏ နေထိုင်စရာနေရာများသည် ညအချိန်တွင် နွေးထွေးသည်ဟု ခံစားရကြောင်း အစီရင်ခံသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

## ကဏ္ဍအမည် - WASH

- **ညွှန်းကိန်း** - ရေပေးဝေမှု - အိမ်ထောင်စုဝင်အားလုံးတို့သည် သောက်သုံးခြင်း၊ ချက်ပြုတ်ခြင်း၊ တကိုယ်ရေအသုံးပြုခြင်းနှင့် အိမ်တွင်းကျန်းမာရေးအတွက် ဘေးကင်းသော ရေကို လုံလောက်စွာ လက်လှမ်းမီရရှိသည်ဟု အစီရင်ခံသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - ပတ်ဝန်းကျင်သန့်ရှင်းရေး - အိမ်ထောင်စုဝင်အားလုံးတို့သည် ရေနှင့်သန့်စင်ရေးပစ္စည်းများ အပါအဝင် ဘေးကင်း၊ လုံခြုံ၍ သန့်ရှင်းပြီး ကောင်းစွာပြုပြင်ထိန်းသိမ်းထားသော အိမ်သာကို အသုံးပြုနိုင်သည်ဟု အစီရင်ခံသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း
- **ညွှန်းကိန်း** - တကိုယ်ရေသန့်ရှင်းရေး - မိမိနေအိမ်တွင် ရေနှင့် ဆပ်ပြာထားရှိပြီး လက်ရှိအသုံးပြုနိုင်သည့် လက်ဆေးကန်နေရာနှင့် ဓမ္မတာကျန်းမာရေးပစ္စည်းများအပါအဝင် တကိုယ်ရေကျန်းမာရေးပစ္စည်းများကို လက်လှမ်းမီအသုံးပြုနိုင်သည်ဟု အစီရင်ခံသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

## နောက်ဆက်တွဲ (၂) –ကာကွယ်စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းနှင့် MPC

### စွမ်းဆောင်ရည်တည်ဆောက်ခြင်း

- MPC အကူအညီပေးအပ်သည့်လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အဓိပ္ပါယ်ပြည့်ဝစွာဖြင့် လက်လှမ်းမီရရှိစေရေး၊ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို ဦးစားပေးရေး၊ မည်သူ့ကိုမှ ထိခိုက်နစ်နာမှု မရှိစေရေး၊ ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံခြင်း၊ ပူးပေါင်းပါဝင်စေခြင်းနှင့် လုပ်ပိုင်ခွင့်ပေးခြင်းတို့ သေချာစေရေးအတွက် MPC စီမံကိန်းများကို အကောင်အထည်ဖော်နေသည့် မိတ်ဖက်အဖွဲ့များအားလုံးသို့ ကာကွယ် စောင့်ရှောက်ရေးကို လုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်း အကြောင်းကို လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သည်။

### လေ့လာဆန်းစစ်မှုနှင့် ဒီဇိုင်း ရေးဆွဲခြင်း

- **တိုင်ပင်ဆွေးနွေးခြင်း** - MPC အကူအညီပေးအပ်ခြင်းသည် အခက်အခဲများကို လျော့နည်းစေရန်၊ ထိခိုက်လွယ်မှုကို လျှော့ချပေးရန်နှင့် အပြုသဘောဆောင်သော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများအား မြှင့်တင်ကျင့်သုံးနိုင်သည့် စွမ်းဆောင်ရည်တိုးတက်စေရန် ကူညီပေးမည်ဖြစ်သောကြောင့် MPC ဆောင်ရွက် ခြင်းအတွက် အန္တရာယ်ဖြစ်နိုင်ခြေများ/အခက်အခဲများ၊ ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည်နှင့် လိုအပ်ချက်များကို နားလည်စေရန် ရပ်ရွာပြည်သူများအမျိုးမျိုးတို့နှင့် တိုင်ပင်ဆွေးနွေးရမည်။
    - မိမိ၏ အဖွဲ့အစည်းသည် အမျိုးသမီးများ၊ အမျိုးသားများ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ အပယ်ခံအုပ်စုများ၊ မသန်စွမ်းမှုအမျိုးမျိုးရှိနေသူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်ဦးဆောင်သော အိမ်ထောင်စုများနှင့် တိုင်ပင်ဆွေးနွေးကြောင်း သေချာအောင်ပြုလုပ်ပါ။
- **ပူးပေါင်းပါဝင်ခြင်း** - MPC စီမံကိန်းအား ဒီဇိုင်းရေးဆွဲရာတွင် ရပ်ရွာအတွင်းရှိ အမျိုးသမီးများ၊ အမျိုးသားများ၊ အသက်ကြီးသူများ၊ မသန်စွမ်းသူများ၊ အပယ်ခံအုပ်စုများအပါအဝင် အမျိုးမျိုးသော ရပ်ရွာပြည်သူများ ပူးပေါင်းပါဝင်စေရမည်။
- **လျာထားချက်သတ်မှတ်ခြင်း** - လျာထားချက်သတ်မှတ်ခြင်းသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ အသက်ကြီးသူ/PWDs နှင့် ကလေးသူငယ်ဦးဆောင်သော အိမ်ထောင်စုများအပါအဝင် ရပ်ရွာပြည်သူအမျိုးမျိုးတို့၏ လိုအပ်ချက်များ၊ ထိခိုက်လွယ်မှုများနှင့် လိုအင်ဆန္ဒများကို ထင်ဟပ်ဖော်ပြနေရမည်ဖြစ်ပြီး၊ အိမ်ထောင်စုအမျိုးမျိုးအတွက် ငွေကြေးအကူအညီနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာနိုင်သည့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို ထည့်သွင်းစဉ်းစားထားရမည်။

### ကျားမတန်းတူညီမျှမှုကို သရုပ်ခွဲဆန်းစစ်ခြင်း

ငွေကြေးအကူအညီပေးအပ်ချိန်တွင် ကျားမတန်းတူညီမျှမှုကို ထည့်သွင်းစဉ်းစားရမည်။ ငွေကြေးအကူအညီကြောင့် အိမ်ထောင်စုအဆင့်နှင့် ရပ်ရွာအဆင့်တွင် ကျားမရေးရာ အရွေ့များအပေါ် သက်ရောက်မှုများကို အကူအညီလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သရုပ်ခွဲဆန်းစစ်နေရမည်။ ကျားမတန်းတူညီမျှမှုဆိုင်ရာ ခြိမ်းခြောက်မှုများကို ကြိုတင်တားဆီးကာကွယ်ခြင်းနှင့် လျော့ပေးခြင်း မရှိပါက၊ အကူအညီလုပ်ငန်းများကြောင့် ဇနီးသည်နှင့် ခင်ပွန်းအကြား တင်းမာမှုများ၊ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ဝန်ထုပ်ဝန်ပိုး ပိုများလာခြင်း၊ ကျားမအခြေပြုအကြမ်းဖက်မှုစသည့် ပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။

### အကောင်အထည်ဖော်ခြင်း

အန္တရာယ်ဖြစ်နိုင်ခြေပြဇယားနှင့် လျှော့ချရေးနည်းလမ်းများကို ရေးဆွဲပြင်ဆင်ထားပါ။

- MPC အကူအညီကို လက်ခံရယူရာတွင် ရပ်ရွာပြည်သူအမျိုးမျိုးတို့အတွက် ဖြစ်လာနိုင်သော **ဘေးကင်းလုံခြုံရေး**ဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေအမျိုးမျိုးကို မြေပုံဆွဲလေ့လာပါ။
- အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ကလေးသူငယ်များက MPC အကူအညီကို လက်ခံရယူသည့် နေရာသို့ **သွားရောက်ရာတွင်** ဖြစ်လာနိုင်သည့် အန္တရာယ်များကို ထည့်သွင်းစဉ်းစားပါ။
- အမျိုးသမီး သို့မဟုတ် ကလေးသူငယ်ဦးဆောင်သည့် အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများက မိမိတို့နေအိမ်တွင် **ငွေကြေးထိန်းသိမ်းထားရှိရာ၌** ဖြစ်လာနိုင်သည့် အန္တရာယ်များကို ထည့်သွင်းစဉ်းစားပါ။
- မည်သူ့ကိုမှ ထိခိုက်နစ်နာမှုမရှိစေရန် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေတစ်ခုချင်းအတွက် **လျှော့ချရေးနည်းလမ်းများ** အသင့်ရှိနေအောင် ပြုလုပ်ထားပါ။ [1]
- **တိုင်ကြားခြင်းနှင့် အကြံပြုချက်ပေးခြင်းလုပ်ငန်းစဉ်များ** အသင့်ရှိနေပြီး၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အပယ်ခံအုပ်စုများ၊ အသက်ကြီးသူများ၊ မသန်စွမ်းမှုအမျိုးမျိုးရှိနေသူများအပါအဝင် ရပ်ရွာပြည်သူအမျိုးမျိုးတို့က လက်လှမ်းမီအသုံးပြုနိုင်အောင် ပြုလုပ်ထားပါ။
- အထူးသဖြင့် ဆယ်ကျော်သက်ရွယ်များသို့ ငွေကြေးတိုက်ရိုက်ပေးအပ်ရာတွင် ဆယ်ကျော်သက်ရွယ်အုပ်စုများ၏ မတူညီသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်လည်းကောင်း၊ အကောင်အထည်ဖော်စဉ်အတွင်းတွင် လက်လှမ်းမီရရှိရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် လိုအပ်သကဲ့သို့ လိုက်လျောညီထွေပြောင်းလဲနိုင်ရန်အတွက်လည်းကောင်း **တစ်ခုထက်ပိုသော အကူအညီပေးအပ်ရေးပုံစံများနှင့် လုပ်ငန်းစဉ်များ**ကို အသုံးပြုပါ။ အကူအညီ လက်ခံရယူသူများက ကောင်းစွာနားလည်၍ သဘောတူ လက်ခံထားပြီး၊ စာတတ်မြောက်မှု၊ ဘာသာစကားနှင့် နည်းပညာအတားအဆီးများကို မဖန်တီးပေးသည့် သို့မဟုတ် ပိုမဆိုးစေသည့် အကူအညီပေးအပ်ရေး လုပ်ငန်းစဉ်များကို ရွေးချယ်ပါ (ဆိုလိုသည်မှာ အမျိုးသမီးများ/မိန်းကလေးများသည် မိုဘိုင်းဖုန်းမှတဆင့် ငွေလွှဲပို့မှုများကို လက်ခံရယူရန် သို့မဟုတ် ဖုန်းအားသွင်းရန်နေရာ သို့မဟုတ် မိုဘိုင်းဖုန်းဖြင့် အချက်အလက်ပေးပို့မှုများကို ရယူအသုံးပြုနိုင်ရန် လိုအပ်သည့် စာတတ်မြောက်မှုနှင့် ကိန်းဂဏန်းဆိုင်ရာ ကျွမ်းကျင်မှုများစွာ မရှိတတ်ကြပါ)။
- **အကူအညီဖြန့်ဝေရေးနေရာများ၏ တည်နေရာနှင့် တည်ဆောက်ပုံ**တို့ကို သေချာစွာစဉ်းစားပါ။ မိန်းကလေးများ၊ အမျိုးသမီးများ၊ အခြားသော ရပ်ရွာပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် အောက်ပါတို့ကို သေချာအောင်ပြုလုပ်ပါ -
    - ဖြန့်ဝေရေးနေရာသို့ သွားရောက်သည့် လမ်းကြောင်းများသည် အထူးသဖြင့် ငွေကြေးကို သယ်ဆောင်သွားနေသည့် အချိန်တွင် မိန်းကလေးများ၊ ယောကျ်ားလေးများ၊ အမျိုးသမီးများ၊ အမျိုးသားများအတွက် အနိုင်ကျင့်မှု၊ ခေါင်းပုံဖြတ်မှု သို့မဟုတ် အကြမ်းဖက်မှုများနှင့် ကြုံတွေ့ရခြင်း မရှိစေရန်။
    - ဖြန့်ဝေရေးနေရာသို့ သွားရောက်သည့် လမ်းကြောင်းသည် အထူးသဖြင့် ကလေးသူငယ်များ၊ အသက်ကြီးသူများနှင့် မသန်စွမ်းသူများအတွက် လမ်းလျှောက်သွားနိုင်သည့် အကွာအဝေးတွင် ရှိနေရန်။

[1] အကူအညီရယူရန်အတွက် ကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့နှင့် AoRs များသို့ ဆက်သွယ်ပါ။

- လမ်းကြောင်းတစ်လျှောက်တွင် အန္တရာယ်မရှိစေရန် (ဥပမာအားဖြင့် မြေမြှုပ်မိုင်းများ၊ အဆောက်အဦ ပျက်များ၊ ရုတ်တရက်ရေကြီးနိုင်သည့် နေရာများ မရှိစေရန်)
- ဖြန့်ဝေရေးနေရာသည် လက်နက်ကိုင်အဖွဲ့များ၏ အခြေစိုက်စခန်း သို့မဟုတ် အခြားသော ထိရှလွယ်နိုင်သည့် နေရာများ၏ အနီးတွင် မရှိစေရန်။

- ဘေးဒဏ်ခံ ရပ်ရွာပြည်သူများနှင့် အကူအညီရယူသူများသည် ဖြန့်ဝေရေးနေရာတွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရမည်ဟု မျှော်မှန်းထားပါက၊ ဖြန့်ဝေရေးနေရာတွင် လုံလောက်သော ရေ၊ အမိုးအကာ၊ နေစရာ၊ အိမ်သာများ၊ မိခင်နို့တိုက်ကျွေးရန် နေရာများစသည်တို့ကို ထောက်ပံ့ပေးသင့်ပါသည်။
- မေးခွန်းများကို ဖြေကြားပေးရန်အတွက် ဖြန့်ဝေရေးနေရာတွင် အကူအညီစင်တာ (helpdesk) တစ်ခုကို တည်ထောင်ထားရန်။

**ကလေးသူငယ်များနှင့် MPC**

- ကလေးသူငယ်များသည် ငွေကြေးအကူအညီရရှိမှုကြောင့် ခေါင်းပုံဖြတ်ခံရခြင်း သို့မဟုတ် အကြမ်းဖက်ခံရခြင်း အန္တရာယ်များ မရှိစေရေးအတွက် ကလေးသူငယ်ဦးဆောင်သည့် အိမ်ထောင်စုများကို အထူးဂရုစိုက်ပေးရန် လိုအပ်ကြောင်း သတိပြုပါ။
- လျာထားသည့် လူဦးရေအုပ်စုတွင် ကလေးသူငယ်ဦးဆောင်သည့် အိမ်ထောင်စုများကို မှတ်ပုံတင်သည့် နည်းလမ်းများ အသင့်ရှိထားကြောင်းနှင့် ကလေးသူငယ်ဘေးကင်းလုံခြုံစေရေးအတွက် ထပ်တိုးနည်းလမ်းများကို အသင့်ပြင်ဆင်ထားကြောင်း သေချာအောင်ပြုလုပ်ပါ။[2] FSPs များနှင့် အခြားသော မိတ်ဖက်အဖွဲ့များတွင် ခိုင်မာအားကောင်းပြီး သက်ရောက်ဆောင်ရွက်နေသော ဘေးကင်းလုံခြုံရေးနှင့် PSEA မူဝါဒများရှိထားကြောင်း သေချာအောင်ပြုလုပ်ပါ။
- FSPs များ၊ (ဘောက်ချာစီမံကိန်းများတွင်) ကုန်သည်များနှင့် အခြားသော မိတ်ဖက်များမှတဆင့် ငွေသားထုတ်ပေးရန် စီစဉ်ထားပါက -
  - FSPs များ၏ လုပ်ငန်းကို သင့်လျော်စွာစောင့်ကြည့်စစ်ဆေးနိုင်မည့် အရင်းအမြစ်များကို လုံလောက်စွာ သတ်မှတ်ခွဲဝေချထားရန် (အကူအညီလက်ခံရရှိသူများက တင်ပြသည့် ပြဿနာများအား စုံစမ်း စစ်ဆေးခြင်း/အရေးယူဆောင်ရွက်ခြင်းအပါအဝင်)။
  - ကလေးသူငယ်ဘေးကင်းလုံခြုံစေခြင်းနှင့် PSEA မူဝါဒများအား ချိုးဖောက်ပါက လုံးဝသည်းမခံဟူသော မူဝါဒကို မိတ်ဖက်များအားလုံးအား လက်မှတ်ရေးထိုးစေရန်။
  - MPC ကို အထောက်အကူပြုပေးမည့် မိတ်ဖက်အဖွဲ့များ၊ FSPs များနှင့် ကုန်သည်များကို ရွေးချယ်ရာတွင်၊ ကလေးသူငယ်များအပါအဝင် ထိခိုက်လွယ်သူများနှင့် အလုပ်လုပ်ကိုင်သည့် အတွေ့အကြုံရှိခြင်း၊ ကလေးသူငယ် ဘေးကင်းလုံခြုံစေရေးမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ယင်းမူဝါဒ/လုပ်ထုံးလုပ်နည်းများကို စွဲမြဲလိုက်နာကျင့်သုံးနိုင်စွမ်းနှင့် စွမ်းဆောင်ရည်ရှိခြင်း၊ အချက်အလက်ကာကွယ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ အချက်အလက်ကာကွယ်ရေးဆိုင်ရာ စံချိန်စံညွှန်းများကို ကျင့်သုံးနိုင်သည့် စွမ်းဆောင်ရည်ရှိခြင်းစသည့် အချက်များကို ထည့်သွင်းစဉ်းစားရမည်။

---

[2] ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံနယ်ပယ် (CP AoR) သည် ကလေးသူငယ်ဘေးကင်းလုံခြုံစေရေး လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် ကူညီပေးနိုင်ပါသည်။

- FSPများအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေခံပြဿနာများ၊ ကလေးသူငယ်ဘေးကင်းလုံခြုံစေရေးနှင့် PSEA မူဝါဒများအကြောင်းကို သင်တန်းပို့ချရန် စီစဉ်ပေးရမည်။

- **လွှဲပြောင်းပေးခြင်း**

ကာကွယ်စောင့်ရှောက်ရေးနှင့် MPC လွှဲပြောင်းပေးမှုများ - ကာကွယ်စောင့်ရှောက်ရေးအတွက် ငွေကြေးအကူအညီပေးအပ်ခြင်းသည် ချက်ချင်းဖြစ်ပေါ်သည့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ/ခြိမ်းခြောက်မှုများကို ဖော်ထုတ်ဖြေရှင်းပေးပြီး၊ တစ်ချိန်တည်းတွင် MPC သည် လူမှုစီးပွားဆိုင်ရာ ထိခိုက်လွယ်မှုများအား ဖြေရှင်းပေးရေးကို ဦးတည်ပါသည်။ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် လွှဲပြောင်းမှုများပြုလုပ်ရန်အတွက် MPC ပါဝင်ဆောင်ရွက်သူများနှင့် လိုအပ်သကဲ့သို့ ချိတ်ဆက်နိုင်စွမ်းရှိရပါမည်။ MPC ပါဝင်ဆောင်ရွက်သူများသည် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို ရုတ်တရက် ကြုံတွေ့ရပါက မိမိတို့ လုပ်ငန်းဆောင်ရွက်သည့် ဒေသတွင်းရှိ ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် GBV ပါဝင်ဆောင်ရွက်သူများသို့ ဆက်သွယ်နိုင်သည့် လိပ်စာများ ရှိထားရမည်ဖြစ်သည်။

## နောက်ဆက်တွဲ (၃) – CALP မှထုတ်ဝေထားသည့် CVA ဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက်များ

CALP မှထုတ်ဝေထားသည့် ငွေကြေးနှင့်ဘောက်ချာအကူအညီ (CVA) ဆိုင်ရာ ဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက်များကို အောက်ပါလင့်ခ်တွင်ကြည့်ပါ -

https://www.calpnetwork.org/wp-content/uploads/2020/03/CALP-Glossary-2023-EN.pdf